# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 22 April 2025 ၁၁၇၉၅


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



**Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ခဲ့သည့် ဌာနဆိုင်ရာများ၊ အစိုးရရုံးဌာနများ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့သို့ ဦးစားပေး ဖြန့်ဖြူးရောင်းချပေးလျက်ရှိ**

စာမျက်နှာ » ၆



**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

စာမျက်နှာ » ၈

# မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာကို ကြံ့ခိုင်မှုစစ်ဆေးပြီးဖြစ်၍ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

မန္တလေး ဧပြီ ၂၁

မန္တလေးအဆင့်မြင့် ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာအဆောက်အအုံတို့ ငလျင်ဒဏ်ခံခဲ့ရသဖြင့် ကြံ့ခိုင်မှု ရှိ၊ မရှိစစ်ဆေးခဲ့ရာ ကြံ့ခိုင်မှုရှိသောကြောင့် ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် ဈေးဆိုင်ခန်းများ စတင်ဖွင့်လှစ်၍ မူလအတိုင်း ခင်းကျင်းရောင်းချနေကြောင်း ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌများက ပြောသည်။

"ပုံမှန်ဈေးဖွင့်ချိန် ပိတ်ချိန်အတိုင်း ဈေးချိုတော်ကို ဒီနေ့ကစပြီး ဖွင့်ပါတယ်။ ဈေးချိုတော်ပင်မအဆောက်အအုံတွေနဲ့ အောက်ခြေ Underground တွေမှာ စတင်တည်ဆောက်ချိန်ကတည်းက ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ကြံ့ခိုင်လုံခြုံမှု စိတ်ချရတဲ့အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်နိုင်ပြီလို့ပြောချင်ပါတယ်"ဟု အဆင့်မြင့်ဈေးချိုတော်ဥက္ကဋ္ဌ ဦးမင်းမင်းက ပြောသည်။

မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာအဆောက်အအုံတို့ကို ဧပြီ ၄ ရက်နှင့် ၇ ရက်တို့တွင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




**မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ် ကြေညာခြင်း**

စာမျက်နှာ » ၁၁

**ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့သနပ်ခါး**

ဆောင်းပါး

စာမျက်နှာ » ၂၃

ကြေးမုံ

# သူတော်ကောင်းတရားလက်ကိုင်ထား စေတနာများဖြင့် အများအကျိုးရှက်ဆောင်

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၌ မိုခါမုန်တိုင်းဒဏ်ကိုခံကြရပြီး ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းနောက်ဆက်တွဲကြောင့် မြန်မာနိုင်ငံမှပြည်သူများ ရေကြီးရေလျှံသဘာဝဘေးဒဏ်များ ခံစားခဲ့ကြရသည်။ ယခုတစ်ဖန် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ဒေသရှိ ပြည်သူများ သေကျေပျက်စီးပြီး ဆင်းရဲဒုက္ခရောက်ကြရသည်။ ထိုသို့ သဘာဝဘေးအန္တရာယ် ခံစားရချိန်တွင် အချို့ဒေသများရှိပြည်သူများမှာလည်း လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးမွေကို ခံစားနေကြရသည်။

သဘာဝဘေးနှင့်အန္တရာယ်အမျိုးမျိုးတို့ကို ခံစားကြရသော ပြည်သူများအား အဆိုပါဘေးများကို မခံစားကြရသည့်ပြည်သူများက စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော သူတော်ကောင်းတရားများ လက်ကိုင်ထားပြီး ဖေးမကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။ လောကသဘာဝအရ အကောင်း၊ အဆိုးတို့သည် ဒွန်တွဲဖြစ်ပေါ်လေ့ရှိရာ အဆိုးများလျော့ပါးပြီး အကောင်းများ တိုးပွားလာကာ သူတော်ကောင်းတရားဆတက်တိုးပွားလာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လျှင် တစ်ဖက်၌ ကောင်းကျိုးများတိုးပွားအောင် ဆောင်ရွက်နေကြသလို တစ်ဖက်၌ အဆိုးတရားများတိုးအောင် ဆောင်ရွက်နေကြသည်များရှိသည်ကို တွေ့မြင်နိုင်သည်။

ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုသကဲ့သို့ လက်ရှိတွင် အဆိုးများရှိနေသော်လည်း ကောင်းကျိုးအသစ်များတိုးလာအောင် စိတ်မပျက်ဘဲ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဖြစ်ခဲ့သည့်အဆိုးများ အကြောင်းကြောင်းကြောင့်ဖြစ်ခဲ့ရသည်ကို သင်ခန်းစာယူကာ ပြုပြင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သူတော်ကောင်းစိတ်ထား မွေးမြူကြရာ၌ မကောင်းသည့်စိတ်ထားများကို ဖယ်ရှားပြီး ကောင်းသည့်စိတ်ထားများဖြစ်လာအောင် ပြောင်းလဲကြရမည်ဖြစ်သည်။ မကောင်းသည့်အခြေအနေမှ ကောင်းလာအောင်၊ ကောင်းသည့်အခြေအနေမှ ပိုကောင်းလာအောင်၊ ပိုကောင်းလာရာမှ ပိုမိုမြင့်မြတ်အောင် စသည်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သူတော်ကောင်းများ စိတ်ထားပြောင်းလဲကျင့်ကြံပုံများကို အတုယူကြရမည်ဖြစ်သည်။ စေတနာနည်းရာမှ များလာအောင်၊ မေတ္တာနည်းရာမှ များလာအောင်၊ ကရုဏာနည်းရာမှ များလာအောင်၊ ဥပေက္ခာနည်းရာမှ များလာအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ သူတော်ကောင်းမှန်လျှင် မလုပ်သင့်မလုပ်ထိုက်သည်တို့ကို မလုပ်ခြင်း၊ လုပ်သင့်လုပ်ထိုက်သည်တို့ကိုလုပ်ခြင်း၊ မိမိနှင့်မသက်ဆိုင်သည်ကို မလုပ်ခြင်းစသည်တို့ကို ဆောင်ရွက်ကြလေ့ရှိသည်။ ထိုသို့ ကျင့်ကြံအားထုတ်လျှင် မည်သူ့အပေါ်တွင်မှ မေတ္တာပျက်ယွင်းခြင်းမရှိတော့ပေ။ မေတ္တာမပျက်လျှင် မည်သူ့အပေါ်တွင်မှ စိတ်မဆိုးခြင်း၊ မနှိမ့်ချခြင်း၊ ကရုဏာထားခြင်း၊ မနာလိုမဖြစ်ခြင်း၊ မုဒိတာထားခြင်း၊ မည်သူ့အပေါ်တွင်မှ မျက်ကွယ်မပြုခြင်း၊ တတ်နိုင်သမျှ စွမ်းနိုင်သမျှ ပြုလုပ်နိုင်လာမည်။

အကျိုးပေးဆိုသည်မှာ မိမိတို့စိတ်နှင့် လုပ်ဆောင်မှုအပေါ်တွင်သာ မူတည်ပေသည်။ မလုပ်သင့် မလုပ်ထိုက်သည်ကို မလုပ်ခြင်း၊ လုပ်သင့် လုပ်ထိုက်သည်ကို လုပ်ခြင်းဆိုသည့် အသိစိတ်ဖြင့် ဆောင်ရွက်ကြသည့်အခါ အောင်မြင်ကြီးပွားတိုးတက်မှုကို ရရှိကြသည်။ သူတော်ကောင်းများ စိတ်ထားကောင်း၊ လုပ်ရပ်ကောင်းသည့်အခါ အကျိုးပေးကောင်းများရရှိကြသည်။ အကျိုးပေးသည် မိမိတစ်ဦးတစ်ယောက်တည်းအတွက်သာမက မိမိဆွေမျိုးသားချင်းအကျိုး၊ မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံ၊ မိမိသာသနာအကျိုးများသာမက လောကတစ်ခုလုံးအကျိုးကို ဆောင်ကြဉ်းပေးနိုင်ပေသည်။ အဓိကမှာ မိမိကိုယ်ကို သူတော်ကောင်းစိတ်ဓာတ်၊ သူတော်ကောင်း အလုပ်လုပ်နိုင်ပြီလား၊ မွေးနိုင်ပြီလားဟု ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ မိမိကိုယ်ကို အများအကျိုးပြုသလား၊ မပြုသလား ဆန်းစစ်ကြည့်နိုင်ရမည်ဖြစ်သည်။

အချို့မှာ ဘဝတွင် ပြည့်စုံသော်လည်း ဘဝသံသရာတွင်ပါလာသည့် အကုသိုလ်ကံအကျိုးစိုးမိုးသည့်အခါ အဖြစ်ဆိုးများနှင့် ကြုံကြရသည်ကို တွေ့နိုင်သည်။ ထိုအခါ မိမိကိုယ်ကို သံဝေဂတရားဆင်ခြင်ပြီး သည်းခံနိုင်သည့်စိတ်ထားကောင်းများ မွေးမြူကြရမည်ဖြစ်သည်။ သူတော်ကောင်းများက ၎င်းတို့ကို ကယ်တင်နိုင်သလောက်ကယ်တင်၊ ကူနိုင်သလောက်ကူညီကြသည်။ သို့သော် အတိတ်ကံကြောင့် မစွမ်းနိုင်သည့်အခါတွင်လည်း ဥပေက္ခာတရားစိတ်တွင်ထားပြီး စိတ်အပင်ပန်းမခံဘဲ လုပ်သင့်လုပ်ထိုက်သည်များ၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကိုသာ ပြုလုပ်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ၌ အများပြည်သူ အခက်အခဲဒုက္ခမျိုးစုံ ကြုံတွေ့ရသည့်အခါတွင် သူတော်ကောင်းစိတ်ထား မွေးမြူပွားများ၍ လုပ်ကိုင်ကြသူပြည်သူအများ တိုးပွားလာကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိသည်။ ဒုက္ခကြုံတွေ့သည့်အခါ အများပြည်သူအပေါ် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တိုးပွားလာကြသည်မှာ ကောင်းမွန်သည့်လက္ခဏာများဖြစ်သည်။ သင်္ခါရသဘောတရားအရ အားလုံးသည် ဖြစ်ပျက်ပြောင်းလဲမှု လောကဒဏ်ကို ကြုံတွေ့ကြရမည်ဖြစ်ရာ ကြုံတွေ့လာရသည့် အခြေအနေများအပေါ် စိတ်ကောင်းမွေး၍ ကောင်းသော အမှုကိစ္စအဝဝတို့ကို အစွမ်းကုန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❋ နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❋ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❋ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❋ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❋ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❋ ကန်ရေအရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ❋ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❋ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❋ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❋ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❋ ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်း ဦးစီးဌာန**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နှစ်သစ်ကူးစတုဒိသာ လှူဒါန်း

ရန်ကုန် မေ ၂၁

မြန်မာနှစ်သစ်ကူး အခါသမယတွင် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းများနှင့်အညီ နှစ်သစ်ကူးစတုဒိသာအလှူတော်များကို နှစ်စဉ်ကျင်းပလေ့ရှိသည်။

ယင်းသို့ ကျင်းပလေ့ရှိရာ သီဟသုဓမ္မဓဇာဓိဇောတဓရ ဦးဖွဲ့ရန်နိုင်မိသားစုက လှူဒါန်းသည့် စတုဒိသာအလှူတော်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တပင်ရွှေထီးလမ်းတွင် နှစ်သစ်ကူးစတုဒိသာအဖြစ် မုန့်ဟင်းခါး စတုဒိသာကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



## ၂၁ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် မတ် ၂၈ ရက်က အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးရုံးတို့မှ ဝန်ထမ်းမိသားစုများအတွက် ယာယီပြောင်းရွှေ့ နေရာချထားပေးမှုအခြေအနေများကို ယနေ့ ညနေပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်သင့် အဆောက်အအုံများ ပြုပြင်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန်၊ အဆောက်အအုံများအား သတ်မှတ်ထားသည့် SOP နှင့်အညီ ရေရှည်ခိုင်ခံ့မှုအတွက် ပြုပြင်တည်ဆောက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တို့သည် တာဝန်ရှိသူများနှင့် အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်သည့် သပြေ(၁) အဆောင်များသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ဝန်ကြီးဌာန အစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်မှု၊ ဝန်ထမ်းများအား ပြန်လည်နေရာချထားပြီး နေထိုင်မှုအခြေအနေတို့ကိုကြည့်ရှု၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိအားကစားကွင်းမြေနေရာရှိ ယာယီစခန်းအတွက် လျှပ်စစ်မီးပေးနိုင်ရေး Transformer အသစ်တပ်ဆင်နေရာချထားမှုကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါနေရာရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် UAB Foundation က ယာယီစခန်းတည်ဆောက်နေမှု၊ နေထိုင်စားသောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။




လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းများနှင့် မိသားစုများအတွက် စီစဉ်ပေးထားသည့် ယာယီကယ်ဆယ်ရေး စခန်းများနှင့် ယာယီနေရာချထားသည့် နေရာကိုးခုသို့ လျှပ်စစ်ဓာတ်အား ရရှိရေး စီမံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၆ဝ တို့ဖြင့် ဓာတ်အားရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၌ ၉၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီး၌ ၉၉ ဒသမ ၉၈ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့၌ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများနှင့်အတူ စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများအတွက် ယာယီစခန်း(၂)အဖြစ် ဖွင့်လှစ်ထားသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်မျက်ရတနာ ပြခန်းဝင်း နေရာသို့သွားရောက်၍ ယာယီစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ သန့်ရှင်းသည့် သောက်သုံးရေရရှိစေရေး၊ အစားအသောက်များ သန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးအတွက် အထူးဂရုပြုနေထိုင်ရေး တို့ မှာကြားခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည့်နေရာသို့သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်၍ လိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ယာယီဘာရှာအဆောက်အအုံများဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးအနီး ထိန်းသိမ်းဧရိယာ၌ ငလျင်ဒဏ်သင့်ဝန်ထမ်း အိမ်ထောင်သည် ၁၀၈ ဦးနှင့် ယင်းတို့၏ မိသားစုဝင် ၁၅၂ ဦး၊ လူပျို အပျို ၇၂ ဦး စုစုပေါင်းဝန်ထမ်း ၁၈၀ တို့ ယာယီနေထိုင်ရန် ယာယီဘာရှာ အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူက ဆောင်ရွက်မည့် အစီအစဉ်နှင့် မြေနေရာရှင်းလင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရေ၊ မီး အဆင်ပြေစေရေး၊ မိုးတွင်းကာလသွားလာရန် လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ သန့်စင်ခန်းများ စနစ်တကျဖြစ်ရေး၊ မီးတားလမ်း ဆောင်ရွက်ရေးနှင့် ရေစီးမြောင်းများ ဆောင်ရွက်ရေး၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ တာဝန်ရှိသူများအား အမြန်ပြီးစီးအောင် တည်ဆောက်ကြရန် မှာကြားသည်။

ဆက်လက်၍ ယာယီမိုးကာတဲဖြင့်နေရာချထားသော မိသားစုများ နေထိုင်မှုကို လိုက်လံကြည့်ရှု၍ မိသားစုများအား အားပေးစကား ပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ၊ အဆောက်အအုံများနှင့် ဈေးများအတွင်း ဖယ်ရှားရှင်းလင်းနေမှုကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးမြေလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ၊ အဆောက်အအုံများနှင့် ဈေးများဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့အတွင်းရှိ မန္တလေးမြေလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ပျဉ်းမနားမြို့မဈေးအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ ငွေတောင်ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ဗောဓိကုန်းကျောင်းတိုက်သို့ ရောက်ရှိပြီး ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်အဆောက်အအုံများအား တပ်မတော်သားများက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တေဇစက္ကီကမ္မဋ္ဌာန်းရိပ်သာကျောင်းသို့ ရောက်ရှိပြီး ဆရာတော်ဘဒ္ဒန္တဝိဇယ (မဟာကမ္မဋ္ဌာနာစရိယ)အား ဖူးမြော်ကြည်ညိုပြီး နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီးမှု အခြေအနေနှင့် အဆိုပါဘုန်းတော်ကြီးကျောင်းများတွင် တပ်မတော်သားများက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးစားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

**❂ ရှေ့ဖုံးမှ**

ပြည်တွင်း၊ ပြည်ပမှ ငလျင်ဒဏ်ကြံ့ခိုင်မှုစစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးခဲ့ကြရာ တွေ့ရှိချက်အရ ကြံ့ခိုင်မှုရှိကြောင်းမှတ်ချက်ပေးသဖြင့် ပုံမှန်ဈေးဖွင့်ချိန်ဖြစ်သည့် နံနက် ၈ နာရီမှ ညနေ ၄နာရီခွဲထိ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ခွင့်ပေးထားကြောင်း သိရသည်။

"ကျွမ်းကျင်ပညာရှင်တွေ စစ်ဆေးပြီးတော့ အန္တရာယ်ကင်းရှင်းကြောင်း မှတ်ချက်ပေးပါတယ်။ဒါကြောင့် မေ ၂၁ ရက်ကစပြီး ဈေးရောင်းခွင့်ပေးထားပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ဘေးအန္တရာယ်ကင်းရှင်းကြောင်းနဲ့ ပြန်လည်ဖွင့်လှစ်ခွင့်ပေးလို့ ဈေးဆိုင်တွေအရင်အတိုင်း ဖွင့်လှစ်နေကြပါပြီ"ဟု မန်းမြန်မာ (ဈေးချို)ပလာဇာ အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးလင်းကပြောသည်။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် အဆောက်အအုံများပြိုလဲခြင်းနှင့် ပျက်စီးခြင်းများရှိခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုနှင့်အတူ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကွပ်ကဲရေးရုံးဖွင့်လှစ်ကာ အဆောက်အအုံများဖယ်ရှားရှင်းလင်းရေးအတွက် လူအင်အားအပြင် စက်ယန္တရားများဖြင့်ကူညီဆောင်ရွက်ပေးခြင်း၊ ငလျင်ဒဏ်သင့်အဆောက်အအုံများကို အင်ဂျင်နီယာအဖွဲ့များနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**



# ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင် ဝန်ထမ်းများနေထိုင်ရမည့် အပြာရောင်တိုက်များနှင့် ယာယီ Basha ဆောက်လုပ်မည့်မြေနေရာများသို့ သွားရောက်ကြည့်ရှု



နေပြည်တော် မေ ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒေါ်နုမြဖ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ခဲ့သည့် ပျက်စီးမှုအနည်းငယ်ရှိသော အပြာရောင်အဆင့်ရှိ တိုက်အမှတ်(၁၁၁၂)၊ တိုက်အမှတ် (၂၃၁၀၄)၊ တိုက်အမှတ်(၃၃၁၁၃)တို့သို့ သွားရောက်၍ အပေါ်ယံ အင်္ဂတေကွာကျမှုအခြေအနေများ၊ အသေးစား ပြန်လည်ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများ၊ လျှပ်စစ်မီးရရှိမှု၊ ရေရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနေထိုင်နိုင်သည့် အခန်းများတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဖြစ်ပေါ်လာသောအခြေအနေအပေါ် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များမှာ မမျှော်လင့်သော်လည်း ကြုံတွေ့နေရမည်ဖြစ်ကြောင်း၊ မိမိတို့အားထားရမည့်အရာမှာ မိမိတို့ပြုမှုဆောင်ရွက်သည့် ကုသိုလ်ကောင်းမှုမှတစ်ပါး အခြားမရှိနိုင်ကြောင်း ကုသိုလ်ကောင်းမှုအမြဲပြုလုပ်ကြရန်နှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားကြရန်ဖြစ်ကြောင်းစသည်ဖြင့် အားပေးစကားပြောကြားသည်။ ထို့နောက် ယာယီ Basha တဲများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းပေးမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီရွှေ့ပြောင်းနေထိုင်ရန် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပိုင် မြေနေရာတွင် Basha တဲများဆောက်လုပ်နိုင်မည့်မြေနေရာအား အသေးစိတ်လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Basha တဲဆောက်လုပ်နိုင်ရန်အတွက် မြေညှိရမည့်အခြေအနေများ၊ ရေ၊ မီး၊ မိလ္လာ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ Basha တဲများ ဆောက်လုပ်ရာတွင် ဆောက်လုပ်မည့်ပတ်ဝန်းကျင်ရှိ အရိပ်ရသစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ ယာယီ Basha တဲများဆောက်လုပ်ရန်၊ Basha တဲဆောက်လုပ်မည့် မြေနေရာများအား site plan ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနက ဝန်ထမ်းများယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲဆောက်လုပ်မည့် ဓနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း၌ စက်ယန္တရားဖြင့် မြေညှိနေမှုများအားကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ်ရှိမဟာပရဟိတဖွံ့ဖြိုးရေးဥယျာဉ်အတွင်း၌ သာသနာရေးဦးစီးဌာန ဝန်ထမ်းများ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲ ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## စစ်ကိုင်းမြို့နယ်၌ မွေးမြူရေးငါးတန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

နေပြည်တော် မေ ၂၁

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားပြင်း ငလျင်ကြောင့် နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများသို့ Global Earth Afro &Aqua Industry Public Co., ltd. မှ မွေးမြူရေးငါးတန်များအား စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ဈေးနှုန်းချိုသာစွာဖြင့် ယနေ့နံနက်ပိုင်းက ရောင်းချပေးသည်။

အဆိုပါ ငါးများရောင်းချရာတွင် စစ်ကိုင်းတောင်ခြေ သောတာပန်ဈေးတွင် သောတာပန်ရပ်ကွက်၊ သရက်ပင်ဆိပ်ရပ်ကွက်၊ ထန်းတောရပ်ကွက်နှင့် သီလရှင်စာသင်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ လည်းကောင်း၊ ငါးလုပ်ငန်းသင်တန်းကျောင်းရှေ့တွင် ပါရမီရပ်ကွက်၊ ဇေယျာကွက်သစ်၊ အိုးဘိုရပ်ကွက်၊ နန်းဦးမြို့သစ်ရပ်ကွက်တို့မှလည်းကောင်း၊ စစ်ကိုင်းမြို့ မြို့မဈေးတွင် မြို့ပေါ်ရပ်ကွက်များမှ လည်းကောင်း လာရောက်ဝယ်ယူကြပြီး စုစုပေါင်းပိဿာချိန် ၆၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ရေချိုငါးတန်ငါးများအား သက်သာသောဈေးနှုန်းဖြင့် မန္တလေးမြို့ပေါ်၌ လှည့်လည်ရောင်းချ

နေပြည်တော် မေ ၂၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်ခံစားခဲ့ရသည့် မန္တလေးမြို့ပေါ်ရှိ မြို့နယ်ရပ်ကွက်များတွင်ရှိသော ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ရေချိုငါးတန်ငါးများကို သက်သာသောနှုန်းထားတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က ယနေ့နံနက် ၁၁ နာရီမှ ညနေ ၄ နာရီခွဲအထိ စုစုပေါင်းငါးပိဿာချိန် ၁၁၄၀ အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ စသည့်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် နှစ်ဆယ့်နှစ်ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

### နေ့စဉ်ဆက်လက်ရောင်းချ

မတ် ၃၀ ရက်မှ မေ ၂၁ ရက်အထိ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၉၁၀၆ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၂၀၈၃ အိတ်၊ ဆီပိဿာ ၂၂၉၇၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၅၆၀၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၈၀၄ ထုပ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၆၄၊ ငါးခြောက် ၁၀ ကျပ်သားပါ ၃၄ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့်၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၆၁ အိတ်၊ စားအုန်းဆီပိဿာ ၃၇၄၀၀၊ ဆား ၂၅ ကျပ်သားပါ ၆၅ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၅၅ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ ၅၂ ဘူး၊ ငါးခြောက် ၁၀ ကျပ်သားပါ အထုပ် ၈၀၊ ကြက်ဥ ၈၈၆၈ လုံး၊ ဘဲဥ ၁၄၈၉ လုံး၊ ခေါက်ဆွဲခြောက်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း)အိတ် ၂၆၀၊ စားအုန်းဆီပိဿာ ၃၇၄၀၊ ဆားပိဿာ ၂၀၊ ကုလားပဲ ၉၇ ဘူး၊ ငါးပိ ရှစ်ပိဿာ၊ ငါးခြောက် ရှစ်ပိဿာ၊ ကြက်သွန်နီ ၄၇၅ ပိဿာ၊ အသားတု ၁၆ ပိဿာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ခဲ့သည့် ဌာနဆိုင်ရာများ၊ အစိုးရရုံးဌာနများ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့သို့ ဦးစားပေး ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

တွေ့ဆုံမေးမြန်း - မြန္နာ
ဓာတ်ပုံ - လုလင်ငယ်

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်ဖီလာဒေသတွင် တည်ရှိသည့် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ ငလျင်ဘေးသင့်ခဲ့သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ငလျင်ဘေးသင့်ဒေသများ အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တစ်နေ့လျှင် ဘိလပ်မြေ တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ပုံမှန်ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျွန်မတို့ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံ အထွေထွေမန်နေဂျာ ဒေါ်မွန်မွန်သက်နှင့် အရောင်းမန်နေဂျာ ဦးဝင်းဇော်တို့အား သွားရောက်တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ပါသည်-



ဒေါ်မွန်မွန်သက်

**ဒေါ်မွန်မွန်သက်(အထွေထွေမန်နေဂျာ ) Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံ**

"မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့် ကျွန်မတို့ စက်ရုံမှာ လျှပ်စစ်မီး ရက်အနည်းငယ် ပြတ်တောက်ခဲ့ပါတယ်။ ဧပြီလ ၁ ရက်နေ့မှာ လျှပ်စစ်မီး ရရှိတာနဲ့ တစ်ပြိုင်တည်း စက်ရုံထဲမှာ ရှိတဲ့ ထရန်စဖော်မာ ၁၅ လုံးကို လိုက်လံစစ်ဆေးပါတယ်။ ဒီလို စစ်ဆေးပြီးတာနဲ့ ဧပြီလ ၃ ရက်နေ့မှာ စက်ရုံတစ်ရုံလုံး ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးတာနဲ့ တစ်ပြိုင်တည်း နိုင်ငံတော်ရဲ့ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် တာဝန်ရှိသူတွေရဲ့ လမ်းညွှန်မှုနဲ့အတူ ကျွန်မတို့ ဝိုင်းဝန်းဆောင်ရွက်ခဲ့လို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအပိုင်းကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။"

" နေ့တိုင်း ဘိလပ်မြေ တန် ၁၅၀၀ နဲ့ တန် ၁၈၀၀ ကြား ထုတ်လုပ်နိုင်ဖို့ ကုန်ကြမ်း ပြတ်လပ်မှုမရှိအောင် နှစ်အလိုက် စုစည်းသိုလှောင်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ်မှု အပိုင်းနဲ့ ပတ်သက်ပြီး အခက်အခဲမရှိပါဘူး။ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး စက်အနည်းငယ် ချို့ယွင်းမှုရှိခဲ့ရင် ချက်ချင်း ပြန်လည်လည်ပတ်နိုင်အောင် ပြည်တွင်း ပြည်ပ ပညာရှင်တွေ စက်ရုံမှာ အမြဲအဆင်သင့်ရှိနေတဲ့အတွက် ရေရှည်ထုတ်လုပ်သွားဖို့ အဆင်ပြေပါတယ်။"



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။



လက်ရှိတွင် Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှထုတ်လုပ်သည့် ဘိလပ်မြေများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ခဲ့သည့် ဌာနဆိုင်ရာများ၊ အစိုးရရုံးဌာနများ၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့သို့ ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

"စက်ရုံအနေနဲ့ ထုတ်လုပ်မှုအပိုင်းမှာ ဝယ်လိုအား လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်နေရပေမယ့်လည်း ဘိလပ်မြေရဲ့ အရည်အသွေးပိုင်း ထိခိုက်မှုမရှိအောင်၊ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီဖြစ်အောင် ပြည်တွင်း ပြည်ပ ပညာရှင်တွေပါဝင်တဲ့ အရည်အသွေး စစ်ဆေးရေးအဖွဲ့နဲ့ နေ့စဉ် စနစ်တကျ ကြပ်မတ်စစ်ဆေးပြီး ထုတ်လုပ်လျက်ရှိပါတယ်။ တောင်ဖီလာ ဘိလပ်မြေစက်ရုံကို စက်စွမ်းအားပြည့် လည်ပတ်နိုင်မယ်ဆိုရင် တစ်နေ့ကို ဘိလပ်မြေ တန်ချိန် ၂၁၀၀ အထိ ထုတ်လုပ်နိုင်ပါတယ်။ **စာမျက်နှာ ၇ သို့ »»**











နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၆ မှ**

ဒီလို စွမ်းအားပြည့် စက်ရုံလည်ပတ်နိုင်အောင် စက်မှုဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေရဲ့ ပူးပေါင်းကူညီ ဆောင်ရွက်မှုနဲ့အတူ ပြည်ပ ပညာရှင်တွေကို ထပ်မံခေါ်ယူဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်”

နေပြည်တော် Max Cement ဘိလပ်မြေစက်ရုံအနေဖြင့် ထုတ်လုပ်မှုအပိုင်း လျော့ကျမှုမရှိစေရေးအတွက် ဝန်ထမ်းအင်အား ၄၀၀ ကျော်အပြင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ၂၄ နာရီပတ်လုံး လည်ပတ်လျက်ရှိကြောင်း၊ အရန်ဓာတ်အားအနေဖြင့် 2 KVA အရန်မီးစက် သုံးလုံး အသင့်ပြင်ဆင်ထားရှိပြီး စက်ရုံအရှိန်အဟုန်မပျက် လည်ပတ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်ရုံအတွက်လိုအပ်သည့် စက်အရန်ပစ္စည်းများကိုလည်း အဆင်သင့်ဝယ်ယူစုဆောင်းထားရှိကြောင်း သိရသည်။

**ဦးဝင်းဇော်(အရောင်းမန်နေဂျာ) Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံ**

“ကျွန်တော်တို့စက်ရုံက ထုတ်လုပ်ထားတဲ့ ဘိလပ်မြေတွေကို ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများခဲ့တဲ့ ဝန်ကြီးဌာနတွေကို ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ အများပြည်သူတွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ ပြုပြင်ဖို့အတွက် ဝယ်ယူရင် တစ်အိတ်ကို ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်။ ငလျင်ဘေးဒဏ်သင့်ခဲ့တဲ့ ပြည်သူတွေအနေနဲ့ ဝယ်ယူချင်တယ်ဆိုရင် ကျွန်တော်တို့ကို တိုက်ရိုက်မှာယူပြီး ဝယ်ယူနိုင်ပါတယ်။ အများပြည်သူတွေကို သယ်ယူစရိတ်မပါ စက်ရုံအထိုင်ဈေး



ဦးဝင်းဇော်

အနေနဲ့ တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀ နှုန်းနဲ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ပြင်ပဈေးကွက်မှာ စက်ရုံက သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းထက် အဆမတန်ဈေးတင်ပြီး ရောင်းချမှုတွေမရှိရအောင် စက်ရုံက တိုက်ရိုက်မှာယူနေတဲ့ ကိုယ်စားလှယ်တွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ရောင်းချပေးဖို့ ဝန်ခံကတိ လက်မှတ်ရေးထိုးပြီးမှ ဖြန့်ချိပေးတာပါ”

Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှ နေ့စဉ် ထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများကိုသိုလှောင်ထားခြင်းမရှိဘဲ အမှန်တကယ် လိုအပ်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းခွင်များနှင့် သုံးစွဲသူများလက်ဝယ်သို့ ဖြန့်ခွဲရောင်းချပေးလျက်ရှိကြောင်း ပြောပြသည်။

“အခုဆိုရင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေများပြားတဲ့အတွက် ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ပြည်သူတွေအနေနဲ့ တိုက်ရိုက်မှာယူပြီး ဝယ်နေတာတွေ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့စက်ရုံအနေနဲ့ ဦးစားပေးရောင်းချရမယ့် အပိုင်းတွေကို စိစစ်ရောင်းချပေးသလို အခြားလိုအပ်တဲ့ နေရာတွေကိုလည်း လစ်ဟာမှုမရှိအောင် ထုတ်လုပ်မှုနဲ့ ဖြန့်ချိမှုကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနတွေ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူတွေ မှာယူတဲ့အခါ တစ်ရက်သုံးစွဲနိုင်တဲ့ပမာဏ အပေါ်မူတည်ပြီး တည်ဆောက်ပြုပြင်ရေး လုပ်ငန်းတွေ လည်ပတ်နိုင်အောင် နေ့စဉ် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်”

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံအနေဖြင့် ငလျင်လှုပ်ခတ်ခဲ့သည့်အချိန်မှ စတင်ပြီး ယနေ့အချိန်အထိ ဘိလပ်မြေတန်ချိန် ၃၂၀၀၀ ကျော် (အိတ်ရေ ခြောက်သိန်းကျော်)ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

“လတ်တလောကာလမှာ ဘိလပ်မြေမှာယူလိုသူတွေအနေနဲ့ အမှန်တကယ် သုံးစွဲလိုတဲ့ ပမာဏကိုပဲ မှာယူစေလိုပါတယ်။ ပြင်ပဈေးကွက်မှာ ဘိလပ်မြေဈေးနှုန်း အဆမတန်တင်ပြီး ရောင်းချနေတာတွေကို မဝယ်ယူကြပါနဲ့။ ကျွန်တော်တို့အနေနဲ့ ရေရှည်ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဘိလပ်မြေဝယ်သူတွေအနေနဲ့ သယ်ယူဖို့ အခက်အခဲရှိတယ်ဆိုရင် စက်ရုံအထိုင်သတ်မှတ်ဈေးနှုန်းအပြင် သယ်ယူခပါ ပေးချေပြီး ဝယ်ယူနိုင်ပါတယ်”

နိုင်ငံတော်က ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အသုံးပြုနိုင်ရန် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။








# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် အလျင်အမြန်စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်းနှင့် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများထံ နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မတ် ၂၉ ရက် ညပိုင်းမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်သီလဝါဆိပ်ကမ်းတို့သို့ ရောက်ရှိလာသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂၀ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံ၊ AHA Center၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုဇ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ အချိန်မဆိုင်းဘဲ ဆက်လက်ဖြန့်ခွဲ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမှ ကူညီထောက်ပံ့သည့်ပစ္စည်းများမှာ မိုးကာတဲ၊ တာပေါ်လင်၊ Hygiene Kit၊ Kitchen Set၊ မီးစက်၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းတို့ ဖြစ်သည်။

ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေပြည်တော်ကောင်စီ၏အစီအစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၂ စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများနှင့် မန္တလေး(တံတားဦး)အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည့် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၃ စီးဖြင့် ပေးပို့ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) သို့

**စာမျက်နှာ ၉ သို့** ☆



အိန္ဒိယနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



AHA Centre မှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ဗီယက်နမ်နိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ထိုင်းနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။

☆ စာမျက်နှာ ၈ မှ
မော်တော်ယာဉ် ခုနစ်စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်လျက်ရှိပါသည်။ လှူဒါန်းရရှိသည့် ပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဒဏ်ရာရရှိသည့် ပြည်သူများအား ကုသရာတွင် အသုံးပြုပါသည်။

နိုင်ငံတကာ အလှူရှင်များ၏ လှူဒါန်းပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ဖော်ပြအပ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့် ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**




အင်ဒိုနီးရှားနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ပါကစ္စတန်နိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။



ဘယ်လာရုစ်နိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။




လာအိုနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။




စင်ကာပူနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။




နီပေါနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။




UAE နိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှု မှတ်တမ်း။

စာမျက်နှာ ၁၀ သို့ ☆

✰ စာမျက်နှာ ၉ မှ



ဘရူနိုင်းနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှုမှတ်တမ်း။



မလေးရှားနိုင်ငံမှ အလှူပစ္စည်းများ ရောက်ရှိမှုမှတ်တမ်း။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲမှုမှတ်တမ်း။

# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများမီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို ၂၉-၃-၂၀၂၅ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အောက်ပါအချိန်စာရင်းအတိုင်း ပြန်လည်ကျင်းပ စစ်ဆေးသွားမည်ဖြစ်ပါသည်-

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၁-၆-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

၂။ ယခင် ၂၀၂၅ ခုနှစ် မတ်လအတွင်းက စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံး ဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးမည်ဖြစ်ပါသည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက(မင်းကင်း)၊ အထက (ပန်ဆက်)၊ အထက(၁)တမူး၊ အထက(၂)ရွှေဘို၊ အထက(၁)ရေဦး၊ အထက(ဗန်းမောက်)၊ အထက (ဝန်းသို)၊ အထက(မော်လိုက်)၊ အထက(ကင်းတပ်)နှင့် အထက(အရာတော်) စာစစ်ဌာနများတွင် ဖြေဆိုခဲ့သူများသည် ပြန်လည် ဖြေဆိုရန် မလိုပါ။

၄။ ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော စာစစ်ဌာနများအနက် အောက်ဖော်ပြပါဇယားရှိ စာစစ်ဌာနများသည် ယှဉ်တွဲဖော်ပြထားသော ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဤဇယားတွင်မပါဝင်သော ကျန်စာစစ်ဌာနများမှာ မူလစာစစ်ဌာနများ၌သာ ဖြေဆိုရပါမည် -

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |
| ၂ | အထက-၃၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၃၊ မန္တလေး | အထက-၁၃၊ အထက-၃၊ အထက(ခွဲ)-၈၊ မန္တလေး |
| ၂ | အထက(ခွဲ)-၂၊ မန္တလေး | အထက(ခွဲ)-၂၊ အထက(ခွဲ)-၁၂၊ မန္တလေး |
| ၃ | အထက-၁၂၊ မန္တလေး | အထက-၁၂ ၊ အထက-၁၆၊ မန္တလေး |
| ၄ | အထက-၇၊ မန္တလေး | အထက-၇ ၊ အထက-၃၄၊ မန္တလေး |
| ၅ | အထက-၂၆၊ မန္တလေး | အထက(ခွဲ)-၁၃ ၊ အထက(ခွဲ)-၃၊ မန္တလေး |
| ၆ | အထက-၃၀၊ မန္တလေး | အထက-၂၈ ၊ အထက-၃၀၊ မန္တလေး |
| ၇ | အထက-၂၇၊ မန္တလေး | အထက-၂၇ ၊ အလက-၁၁၊ မန္တလေး |
| ၈ | အထက-၈၊ မန္တလေး | အထက-၈၊ အထက-၂၅၊ အထက-၃၇၊ မန္တလေး |
| ၉ | အထက-၁၁၊ မန္တလေး | အထက-၁၇၊ မန္တလေး |
| ၁၀ | အထက-၂၀၊ မန္တလေး | အထက-၅ ၊ အထက-၁၆၊ မန္တလေး |
| ၁၁ | အထက၊ ပုသိမ်ကြီး | အထက၊ ကျောက်မီး |
| ၁၂ | အထက၊ မတ္တရာ | အထက၊ မြို့သစ် |
| ၁၃ | အထက-၁၊ အမရပူရ | အထက-၂ ၊ အမရပူရ |
| ၁၄ | အထက-၁၊ ကျောက်ဆည် | အထက-၁၊ အထက-၂၊ ကျောက်ဆည် |
| ၁၅ | အထက၊ စဉ့်ကိုင် | ကျောက်ဆည်တက္ကသိုလ် |
| ၁၆ | အထက၊ မြစ်သား | အထက(စက်၊စိုက်၊မွေး)၊ မြစ်သား |
| ၁၇ | အထက-ကူမဲ၊ မြစ်သား | အထက-သာလွန်၊ မြစ်သား |
| ၁၈ | အထက၊ နွားထိုးကြီး | အထက-ဟံမြင့်မိုရ်၊ ကျောက်ဆည် |
| ၁၉ | အထက၊ ဝမ်းတွင်း | အထက-သဲတော၊ ဝမ်းတွင်း |

**နေပြည်တော်ကောင်စီနယ်မြေ**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက၊ ငန်းစပ် | အထက(ခွဲ)-ကွဲရှင်း |
| ၂ | အထက(၁၂)၊ ဥတ္တရသီရိ | အထက(၁၂)၊ အထက(ခွဲ)-ရွှေနံ့သာ |
| ၃ | အထက၊ ကျည်တောင်ကန် | အထက(ခွဲ)-မင်္ဂလာဒီပ |
| ၄ | အထက-၁၊ ပျဉ်းမနား | အထက-၂၊ ပျဉ်းမနား |
| ၅ | အထက၊ သစ်လေးလုံး | အထက-၅၊ ပျဉ်းမနား |
| ၆ | အထက၊ ညောင်ပင်သာ | အထက-၅၊ ပျဉ်းမနား |
| ၇ | အထက-၇၊ ဇမ္ဗူသီရိ | အထက-၅၊ ဇမ္ဗူသီရိ |
| ၈ | အထက-၁၊ လယ်ဝေး | အထက-၁၊ အထက-၂၊ လယ်ဝေး |
| ၉ | အထက၊သာဝတ္ထိ | အထက-သာဝတ္ထိ၊ အထက-ပုံချီ |
| ၁၀ | အထက-၁၈၊ ဒက္ခိဏသီရိ | အထက(ခွဲ)-ရန်အောင်မြင် |

၅။ ယခုပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနများတွင် သက်ဆိုင်ရာ တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများထံမှ ၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း တိုက်ရိုက်ထုတ်ယူရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးငလျင်ကြီးဒဏ်သင့် ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ Basha အဆောက်အအုံများ ဆောက်လုပ်မည့်မြေနေရာနှင့် စာသင်ကျောင်းများပျက်စီးမှုအခြေအနေ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ Basha အဆောက်အအုံများ ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်၍ မြေညှိရှင်းလင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုံလောက်သောလမ်းအကျယ် ဖောက်လုပ်ရေး၊ နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိုးလေမကျမီ အမြန်ဆုံးဆောက်လုပ်၍ မေလအတွင်း အမြန်ပြီးစီးရေး၊ ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်သည့်အခါ လျှပ်စစ်မီးရရှိရေး၊ သောက်ရေသုံးရေများရရှိရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ပြင်းထန်သည့်ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးကာ ပျက်စီးမှုများကို ကျောင်းဖွင့်အမီ ပြီးစီးအောင်ပြင်ဆင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအနေဖြင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်နှင့် သင်္ကြန်ရုံးပိတ်ရက်ကာလပြီးစီး၍ ရုံးများပြန်လည်ဖွင့်လှစ်ချိန်တွင် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် ဆောက်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားကာ သက်ဆိုင်ရာတာဝန်ရှိသူများအား အဆင့်အလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆင်သေဆည်ရေသောက်စနစ် လက်ဝဲမြောင်းမှ နွေသီးနှံများအတွက် စိုက်ပျိုးရေ ပြန်လည်ပေးဝေ



**နေပြည်တော် မေ ၂၁**

နေပြည်တော် ကောင်စီနယ်မြေ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်းမရှိစေရန်နှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဆည်ရေသောက် လယ်များသို့ အချိန်တိုအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆင်သေဆည်ရေသောက်စနစ်ရှိ လက်ဝဲမြောင်းမှ နွေသီးနှံများအတွက်စိုက်ပျိုးရေ ပြန်လည်ပေးနိုင်ရန် ပင်မမြောင်းအတွင်းသို့ ရေ စတင်ထည့်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးမှာကြား**

မန္တလေး ငလျင်ကြီးကြောင့် ကျိုးပေါက်ပျက်စီးခဲ့ရပြီး ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးပြီးနွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမှု နှောင့်နှေးခဲ့ရသော ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်)အား လိုအပ်သောပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း စိုက်ပျိုးပြီးဖြစ်သည့်နွေသီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် အချိန်မီ စိုက်ပျိုးရေပေးဝေနိုင်ရန် လက်ဝဲမြောင်းမကြီးသို့ အနိမ့်တင်ရေတင်စက်အသုံးပြု၍ ယနေ့ နံနက်ပိုင်းမှစတင်ကာ ရေများစတင် ပို့လွှတ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများအား ရေသောက်စနစ်အတွင်းရှိလျာထားဧရိယာအားလုံးသို့ စိုက်ပျိုးရေ အမြန်ဆုံးရောက်ရှိစေရေး၊ ယာယီမြေသားတမံ ကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် သီးနှံများထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားသည်။

လက်ယာ မြောင်းမကြီးသို့ ဆင်သေရေလှောင်တမံ၏ ရေဆင်းဧရိယာမှ ရေများအား ရေသွယ်မြောင်းတူးဖော်၍ တိုက်ရိုက်ရေပေးသွင်းခြင်းကို မေ ၁၇ ရက်မှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ မြောင်းမကြီးနှင့် လက်တံမြောင်းများ တစ်လျှောက်ရှိ နွေစပါးအပါအဝင် နွေသီးနှံစိုက်ဧရိယာ ဧက ၁၂၀၀ ကျော် (လျာထားဧရိယာ၏ ၆၀ ရာခိုင်နှုန်း)သို့ ရေပေးသွင်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ ရေလွှဲဆည်အတွင်း ရေခေါ်မြောင်းတူးဖော်၍ ရေစုဧရိယာမှတစ်ဆင့် ရေတင်စက်အသုံးပြုကာ လက်ဝဲမြောင်းမကြီးသို့ ယနေ့နံနက်ပိုင်းမှစတင်၍ ရေပေးသွင်းနိုင်ခဲ့ပြီး လက်တံမြောင်းများမှ တစ်ဆင့် စိုက်ကွင်းများသို့ အချိန်မီ ရေရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီး ဆင်သေရေလှောင်တမံ၏ ဆည်ရေများကို ရေသောက်စနစ်သို့ ထိန်းညှိပို့လွှတ်ပေးလျက်ရှိသည့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်) ပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ မြေသားတမံပြီးစီးမှုအပေါ် မူတည်၍ ပင်မတမံကြီးမှ ပို့လွှတ်ပေးသောရေများကို စုဆောင်းထိန်းသိမ်းလျက်ရှိပြီး သတ်မှတ်သိုလှောင်ရေအမှတ် ရောက်ရှိပါက မူလစိုက်ပျိုးရေ ဖြန့်ဝေမှုစနစ်အတိုင်း လက်ဝဲ လက်ယာမြောင်းမကြီးများမှ စိုက်ပျိုးရေများ လိုအပ်သလောက် ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြိုကျပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများတွင် ပစ္စည်းများ ပြန်လည်ဆယ်ယူနေမှုများကို ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် အဓိကပြိုကျပျက်စီးခဲ့သည့် ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများဖြစ်သော ခရေအိမ်ရာ တိုက်အမှတ် ၇၄၊၇၅၊၇၆ တို့သို့ သွားရောက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝန်ထမ်းမိသားစုဝင်များ၏ ပစ္စည်းများ ပြန်လည်ဆယ်ယူပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းမိသားစုဝင်များအား တွေ့ဆုံအားပေးသည်။

သွားရောက်စဉ် ဒုတိယဝန်ကြီးက မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားပြီး ပစ္စည်းများကို ပြန်လည်ဆယ်ယူရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို ဦးစားပေး ဆောင်ရွက်ကြရန်၊ ဆယ်ယူပစ္စည်းများအား ပိုင်ရှင်များထံသို့ စနစ်တကျအပ်နှံဆောင်ရွက်ပေးရန်နှင့် ပစ္စည်းများကို တတ်နိုင်သမျှ ပျက်စီးမှုနည်းအောင် ဆောင်ရွက်ပေးရန် မှာကြားသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အဆောက်အအုံပြိုကျပျက်စီးမှုတွင် ပါသွားသည့် ပစ္စည်းများကို ဖြစ်နိုင်သမျှ ပြန်လည်ရရှိနိုင်ရေး အတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအချိန်အထိ ဆယ်ယူရရှိသည့် ပစ္စည်းများနှင့် အဖိုးတန်ပစ္စည်းများကို မှတ်တမ်းဖြင့် စနစ်တကျ လက်ခံသိမ်းဆည်းစေလိုကြောင်း ပြောကြားပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ဆယ်ယူပစ္စည်းများကို ၎င်းတို့နေထိုင်ရာ နေရာများသို့ အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ရန်အတွက် ယာဉ်များစီစဉ်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများ ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၂၁**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများ ပြန်လည်ပြုပြင်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဥတ္တရသီရိမြို့နယ်ရှိ သံဝေဇနိယလေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အင်အားပြင်း မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီလေးဆူ၏ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများအား ရှင်းလင်းဆောင်ရွက်ပြီး အမြန်ဆုံး ပြန်လည် တည်ဆောက်နိုင်ရေး၊ ပျက်စီးသွားသည့် ရေပိုက်လိုင်းများ ပြင်ဆင်ပြီး အမြန်ဆုံးရေရရှိအောင် ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပျက်စီးနေသည့် ဘုရားပတ်လမ်းများအား အမြန်ဆုံး ပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်ရေးနှင့် တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အဆိုပါ သံဝေဇနိယလေးဌာနတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိ စေတီတော်ကြီးသို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည် ပြင်ဆင်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ယူဂန္ဒာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၅၄၃၁ ဦး ရှိလာ

**ကန်ပါလာ မေ ၂၁**

ယူဂန္ဒာနိုင်ငံတွင်မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၅၄၃၁ ဦး ရှိလာပြီး ရောဂါကြောင့်သေဆုံးသူ ၄၀ ရှိလာကြောင်း ယူဂန္ဒာ ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ဆေးရုံများတွင်လည်း မျောက်ကျောက်ရောဂါ ပြင်းထန်စွာ ခံစားရသဖြင့် တက်ရောက်ကုသမှုခံယူသူ များပြားလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းရှိ မြို့များနှင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာ ဒေသများတွင် ရောဂါကူးစက်သူအရေအတွက် များပြားလာခဲ့ပြီး



အများစုမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်အရွယ်ရှိသူများဖြစ်သည်။

ယူဂန္ဒာနိုင်ငံသည် လူအစုလိုက်အပြုံလိုက် မျောက်ကျောက်ရောဂါ ကူးစက်မှု အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြီးခဲ့သည့်လအတွင်း သတိပေးခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ရောဂါထိန်းချုပ် စောင့်ကြည့်ရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်နေပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်။

ပြီးခဲ့သည့် လအတွင်းက မျောက်ကျောက်ရောဂါ ကာကွယ်ဆေးအလုံးရေ တစ်သိန်းကို အာဖရိကကူးစက်ရောဂါထိန်းချုပ်ရေးစင်တာမှ လက်ခံရရှိခဲ့ပြီး နိုင်ငံအတွင်းရှိ အသက် ၂၅ နှစ်မှ ၂၉ နှစ်အရွယ်ရှိသူများအား မေ ၂ရက်မှစတင်၍ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရောဂါလက္ခဏာများမှာ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ပြွန်ရည်ကျိတ်များ ရောင်ရမ်းခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အရေပြားတွင် အစက်အပြောက်များ ထခြင်းနှင့် နောက်ကျောနာခြင်းတို့ဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ကျန်းမာရေးလုပ်သားများကို မှားယွင်းပစ်ခတ်ခဲ့ဟု အစ္စရေးတပ်မတော်ပြောကြား

**ဂျေရုဆလင် မေ ၂၁**

ဂါဇာဒေသတောင်ပိုင်းတွင် ပြီးခဲ့သည့်လအတွင်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သား ၁၅ ဦးကို မှားယွင်းပစ်ခတ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က မေ ၂၁ ရက်တွင် ပြောကြားသည်။

လခြမ်းနီအသင်းမှ လုပ်သားရှစ်ဦးအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂဝန်ထမ်းနှင့် ကယ်ဆယ်ရေးလုပ်သားများကို မတ် ၂၃ ရက်တွင် အစ္စရေးတပ်မတော်က ရာဖာဒေသတွင် တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း လခြမ်းနီအသင်းနှင့် ကုလသမဂ္ဂတို့က ပြောကြားသည်။

၎င်းအကူအညီပေးရေး လုပ်သားများစီးလာသည့် ယာဉ်အား ဟားမတ်စ်အဖွဲ့၏ယာဉ်ဟု ယူဆသဖြင့် အစ္စရေးတပ်မတော် တာဝန်ရှိသူက ပစ်ခတ်ရန် ညွှန်ကြားခဲ့ရာမှ ယခုဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း အစ္စရေးတပ်မတော်၏ ယမန်နေ့တွင်ထုတ်ပြန်သည့်အစီရင်ခံစာအရ သိရသည်။

ယခုဖြစ်ရပ်အားရှုတ်ချကြောင်း နိုင်ငံတကာကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂတို့က ပြောကြားသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–စိုးသူရ



# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်

**ဗာတီကန်စီးတီး မေ ၂၁**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် မေ ၂၁ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဗာတီကန်နန်းတော်က ကြေညာခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

အာဂျင်တီးနားနိုင်ငံတွင် မွေးဖွားခဲ့သည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ်တွင် ကက်သလစ်ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၏ အကြီးအကဲ သာသနာပိုင်ချုပ် ဖြစ်လာခဲ့သည်။

၎င်းသည်ကမ္ဘာပေါ်တွင် ဆင်းရဲ၊ ချမ်းသာကွာခြားချက်များကို လျော့နည်းစေရေးဆောင်ရွက်ခဲ့သည်။

ထို့ပြင် အခြေချရွှေ့ပြောင်းနေထိုင်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ အီတလီနိုင်ငံ ရောမမြို့တွင် အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် ၈၈ နှစ်အရွယ်ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ



# ပါကစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေး ဆောင်ရွက်

**အစ္စလာမာဘတ် မေ ၂၁**

ပါကစ္စတန်နိုင်ငံတွင် ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် ပြီးပြည့်စုံသည့်မဟာဗျူဟာများဖြင့် အားထုတ်ကြိုးပမ်းမည်ဟု ဝန်ကြီးချုပ်ရှာဗတ်ရှာရစ်က ယမန်နေ့တွင် ပြောကြားသည်။

ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် အစွမ်းထက်ထိရောက်သည့် မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်နေကြောင်း ၎င်းက အမျိုးသားပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားတွင် ပြောကြားသည်။

**အမျိုးသားရေးကိစ္စအဖြစ် သတ်မှတ်ဆောင်ရွက်**

ပိုလီယိုရောဂါသည် ကလေးများကိုသာမက လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်နေသဖြင့် တာဝန်ရှိသူများလက်တွဲ၍ အဆိုပါရောဂါတိုက်ဖျက်ရေးအား အမျိုးသားရေးကိစ္စအဖြစ် သတ်မှတ်ဆောင်ရွက်ရမည်ဟု ၎င်းကပြောကြားသည်။

မေ ၂၁ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်မည့် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်တွင် နိုင်ငံအတွင်းရှိ ငါးနှစ်အောက် ကလေးသန်းပေါင်းများစွာအား ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်သည်။ ပိုလီယိုရောဂါတိုက်ဖျက်ရေးအတွက် မနားမနေကြိုးပမ်းဆောင်ရွက်နေသည့် ကျန်းမာရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုကြောင်းနှင့် ၎င်းတို့၏ ဆောင်ရွက်မှုကြောင့် နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုကျဆင်းလာကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ထိုင်းနိုင်ငံတွင် ပြည်ပခရီးသွားများအတွက် ဒစ်ဂျစ်တယ်ဆိုက်ရောက်ကတ် အသုံးပြုမှုစတင်မည်

**ဗန်ကောက် မေ ၂၁**

ထိုင်းနိုင်ငံသို့ လာရောက်မည့် ပြည်ပခရီးသွားများအတွက် ဒစ်ဂျစ်တယ်ဆိုက်ရောက်ကတ်ဖြင့် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု ယနေ့ ဗွီအင်န်အိတ်ပရက် သတင်းဌာနသတင်းအရသိရသည်။

ယခုအစီအစဉ်အရ မေ ၁ ရက်တွင် ထိုင်းနိုင်ငံသို့လာရောက်မည့် ခရီးသည်များသည် သုံးရက်ကြိုတင်၍ မေ ၂၈ ရက်မှစတင်၍ ကိုယ်ရေးအချက်အလက်များကို ဖြည့်သွင်းရမည်ဖြစ်သည်။

ယခုဆောင်ရွက်မည့် ဒစ်ဂျစ်တယ်ဆိုက်ရောက်ကတ်စနစ်သည် ထိုင်းနိုင်ငံသို့လာရောက်မည့်ခရီးသွားများနှင့် ထိုင်းနိုင်ငံမှ ထွက်ခွာမည့် ခရီးသွားများအားလုံးနှင့် အကျုံးဝင်ကြောင်း ဝန်ကြီးချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူ အနာကူးပရူဆာနူဆက်က ပြောကြားသည်။

ဒစ်ဂျစ်တယ် ဆိုက်ရောက်ကတ်တွင် ဖြည့်သွင်းရမည့် အချက်အလက်များတွင် ခရီးသွားလာရေး အထောက်အထားများ၊ ပြည်ဝင်ခွင့်ပတ်စပို့ဆိုင်ရာ အချက်အလက်များ၊ ကိုယ်ရေးအချက်အလက်များ၊ ထိုင်းနိုင်ငံအတွင်းသွားရောက်လည်ပတ်မည့်အစီအစဉ်၊ တည်းခိုနေထိုင်ရေးဆိုင်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပါဝင်မည်ဖြစ်သည်။

ကိုးကား – ဗွီအင်န်အိတ်ပရက်
ဘာသာပြန် – စိုးသူရ

# အာဖဂန်နိုင်ငံသား ၄၀၈၂ ဦး နေရပ်ပြန်လည်ရောက်ရှိ

**ကဘူးလ် မေ ၂၁**

အာဖဂန်နိုင်ငံသို့ အီရန်နှင့် ပါကစ္စတန်မှ အာဖဂန်နိုင်ငံသား ၄၀၈၂ ဦး ပြန်လည်ရောက်ရှိလာကြောင်း အာဖဂန်နစ္စတန် နေရပ်ပြန်များ ပြန်လည်လက်ခံရေး မဟာမင်းကြီးရုံးက ယမန်နေ့တွင် ပြောကြားသည်။

**ပြန်လည်ရောက်ရှိ**

နေရပ်ပြန်လာသည့် နိုင်ငံသားများသည် နိုင်ငံအရှေ့ပိုင်း နန်ဂဟာပြည်နယ် တောင်ပိုင်း ကန်ဒဟာပြည်နယ်နှင့် အနောက်ပိုင်း ဟီရတ်ပြည်နယ်များ၏ နယ်စပ် ဖြတ်ကျော်ရေးစခန်းများမှ ပြန်လည်ရောက်ရှိလာခဲ့ပြီး အများစုမှာ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အာဖဂန်နစ္စတန် နိုင်ငံသား ခုနစ်သန်းခန့်သည် အထောက်အထားတစ်စုံတစ်ရာမရှိဘဲ ပြည်ပနိုင်ငံများတွင် နေထိုင်လျက်ရှိသည်။



၎င်းတို့အား နေရပ်ပြန်လာပြီး နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် အာဖဂန်အစိုးရက တိုက်တွန်းလျက်ရှိသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီး မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အိုးဘိုရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်နေရာများသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာ များအား နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လက်ခံရယူသည်။ ထို့နောက် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ယာယီဆေးရုံ၌ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ လည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိအမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်သို့လည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် လူနေအဆောက်အအုံများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၊ ချမ်းအေးသာဇံမြို့နယ်ရှိ Golden City Hotel နေရာနှင့် တိုင်းသမဝါယမဦးစီးမှူးရုံးနေရာများသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်နှင့် ရွှေအိုးရ ရွှေဖားရ ကျောင်းတိုက်တို့သို့ လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းအား လည်းကောင်း သွားရောက်၍ ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် Sky Villa ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်နှင့် နည်းပညာရှင်များ၊ တာဝန်ရှိသူများနှင့် အစည်းအဝေး ပြုလုပ်ခဲ့ရာ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့်ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက် ဆောင်ရွက်ရမည့် နည်းလမ်းများ ဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျောက်သေတ္တာစေတီ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ၊ အလှူငွေ ရရှိ/ ထိန်းသိမ်း/ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ကျောက်ဆည်မြို့မစျေးကြီးသည် လတ်တလော ဖွင့်လှစ်နိုင်ခြင်း မရှိသေးသဖြင့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက် ၂၀ ဒသမ ၅၆ မြေဧကအကျယ်ရှိ ဖောင်းရွာကွင်း၌ ယာယီဈေး ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များအား အသေးစိတ် ဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း (လမ်းခွ)နှင့် အခြေခံပညာ အထက်တန်းကျောင်း (ကူမဲ) ကျောင်းများသို့ သွားရောက်စစ်ဆေးခဲ့ပြီး ယခုနှစ် ပညာသင်နှစ်တွင် စာသင်ကျောင်းများ အလိုက် ကျောင်းအပ်လက်ခံမည့် ကျောင်းသား ကျောင်းသူ ခန့်မှန်း အင်အားအတိုင်း စာသင်ဆောင်များ လုံလောက်မှုရှိစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ပျက်စီးသွားသော စာသင်ဆောင်များ အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနသို့တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်၊ ပရိဘောဂပစ္စည်းများနှင့် စာသင်ခုံများစနစ်တကျ ပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန်၊ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ထိခိုက်ပျက်စီးသွားသော စာသင်ကျောင်းများမှ အပျက်အစီးများကို မေ ၂၂ ရက် အပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာစေတီ၌ ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများ၊ သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုပြီး ပြန်လည်ပြုပြင်မွမ်းမံမည့် အစီအမံများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကူမဲမြို့နယ်၌ ပျက်စီးသွားသည့် အဆောက်အအုံများအား ပြန်လည်တည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ မန္တလေး၊ စစ်ကိုင်း ငလျင်ဒဏ်သင့် ပြန်လည်ထူထောင်ရေးအလှူငွေများ လှူဒါန်း



**နေပြည်တော် ဧပြီ ၂၁**

မန္တလေးနှင့် စစ်ကိုင်းမြို့များတွင် ငလျင်ဒဏ်သင့် နေရာဒေသများသို့ ဧပြီ ၂၁ ရက်က သွားရောက်လေ့လာကြည့်ရှုပြီး အသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့က အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

မန္တလေးမဟာမုနိဘုရားကြီး ဘက်စုံအတွက် အဖွဲ့ဝင်များ၊ မိသားစုများက ငွေကျပ်သိန်း ၁၀၀၊ ဖြဟ္မစိုရ်ပရဟိတအသင်းသို့ ငွေကျပ်သိန်း ၁၂၀၊ ကိုးကန့်ဗုဒ္ဓဘာသာကျောင်းအတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ၊ စစ်ကိုင်းတောင်ရိုး သီတဂူသာသနာပြုအဆောက်အအုံများ နေရာတို့အား လှည့်လည်ကြည့်ရှု၍ သီတဂူဆရာတော်ကြီးထံ ဘက်စုံပြုပြင်ရန် မိသားစုများ စုပေါင်းဒါန ငွေကျပ် ၃၈၄ သိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ကို နီပေါနိုင်ငံမှ သီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီ (သမီးချစ်သီလရှင်ဆရာကြီး)ထံ ဆက်ကပ်လှူဒါန်း

**ကတ္တမန္ဒူး ဧပြီ ၂၁**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅) (၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၆ ရက်) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်စွဲဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခံခဲ့ရသည့် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ DharmaKirti Vihar ကျောင်းတိုက်ဦးစီး သီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီထံသို့ နိုင်ငံတော်အစိုးရကိုယ်စား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်မောင်က ယနေ့တွင် သွားရောက်ဆက်ကပ်လှူဒါန်းသည်။



အခမ်းအနားသို့ နီပေါနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာသံအမတ်ကြီး၊ သံရုံးဝန်ထမ်းနှင့် မိသားစုဝင်များ၊ DharmaKirti Vihar ကျောင်းတိုက် ဂေါပကအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ နီပေါနိုင်ငံမှ ဗုဒ္ဓဘာသာဝင်ဧည့်ပရိသတ်များ အင်အား ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာသံအမတ်ကြီးက အခမ်းအနားကျင်းပရခြင်းနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရခြင်းကို လျှောက်ထားတင်ပြပြီး နီပေါနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်အစိုးရ (ကိုယ်စား) သံအမတ်ကြီး ဦးမျိုးမြင့်မောင်က "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို သီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီထံ ဆက်ကပ်လှူဒါန်းသည်။ထို့နောက် ဘွဲ့ခံသီလရှင်ဆရာကြီးက အမှတ်တရဓမ္မစကားများ မြွက်ကြားပြီး မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည့် စစ်ကိုင်းမြို့ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သာသနိကအဆောက်အအုံများ အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သလိုသုံးစွဲနိုင်ရန် သီတဂူဆရာတော် အရှင်ဉာဏိဿရထံ နီပေါရူပီး ၂၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ လှူဒါန်းရာ မြန်မာသံအမတ်ကြီးက ဆရာတော်ကြီး (ကိုယ်စား) အလှူငွေလက်ခံပြီး အလှူငွေလက်ခံမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရသည့် မြန်မာနိုင်ငံမှ ပြည်သူများအတွက် သီလရှင်ဆရာကြီးဦးစီး၍ တက်ရောက်လာကြသူများက တောင်းဆုပြုအမျှပေးဝေကြသည်။ ယင်းနောက် ဘွဲ့ခံသီလရှင်ဆရာကြီး ဒေါ်သုဓမ္မဝတီထံ မြန်မာသံရုံး၊ ကတ္တမန္ဒူးမြို့အပါအဝင် အလှူရှင်မိသားစုများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

သီလရှင်ဆရာကြီးသမီးချစ်သည် ယခုအခါ သက်တော် ၉၂ နှစ်ရှိပြီဖြစ်ပြီး ဘဝတစ်လျှောက်လုံး ထေရဝါဒဗုဒ္ဓဘာသာ တိုးတက်စည်ပင်ထွန်းကားပြန့်ပွားရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အသိအမှတ်ပြုလက်မှတ်များစွာ ဆက်ကပ်ခြင်းခံခဲ့ရပြီး ယင်းဘွဲ့တံဆိပ်များတွင် မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ (၁၉၉၂ ခုနှစ်)၊ နီပေါနိုင်ငံအစိုးရက Jnanmala Ratnavata Sirpaa ဘွဲ့ (၁၉၉၅ ခုနှစ်)၊ Lumbini Buddhist University (နီပေါ)မှ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (၂၀၂၄ ခုနှစ်)တို့လည်း အပါအဝင်ဖြစ်သည်။

ယခုထပ်မံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ဖြစ်သည်။ သီလရှင်ဆရာကြီးသည် နီပေါနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများဖြစ်သော မြန်မာနိုင်ငံ အပါအဝင် ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ ကမ္ဘောဒီးယား၊ အမေရိကန်ပြည်ထောင်စု၊ သီရိလင်္ကာ စသည့် နိုင်ငံများသို့လည်း သွားရောက်ပြီး ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံများ၏ ဘာသာရေးအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသူဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပမှတင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၂၄၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းသာကေတဆိပ်ခံတံတားသို့ ဧပြီ ၂၀ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

မော်လမြိုင် မေ ၂၁

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်ရန် မော်လမြိုင်မြို့ နယ်မြေခံသင်တန်းကျောင်းတွင် ရောက်ရှိနေသော မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပေးသော စစ်ပညာရပ်များကို ကြိုးစားသင်ယူပြီး စိတ်ဓာတ်စွမ်းရည်၊ စည်းကမ်းစွမ်းရည်၊ လေ့ကျင့်ရေးစွမ်းရည်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အားထုတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံသားတစ်ဦး၏ တာဝန်အဖြစ် စစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ရေးတို့အတွက် မွန်မြတ်သော တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း ပြောကြားကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဝတ်စုံများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် မတ် ၂၁

ရှမ်းပြည်နယ် အတွင်းရှိ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ငါးပါးသီလနှင့် ဥပဒေ

ညွန့်ဝင်း (နတ်တလင်း)

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းရမည့်သီလများတွင် ငါးပါးသီလသည် အခြေခံအကျဆုံးသီလများဖြစ်သည်။ သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ သားသမီး၊ သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်စေတတ်သော သေရည်သေရက် သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းဟူ၍ဖြစ်ပါသည်။ ဥပုသ်သီလ အထူးဆောက်တည်သောကာလများတွင် ထို့ထက်ပို၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် ဆောက်တည်ထိန်းသိမ်းကြသည်။ သို့သော် လူတို့သည် အခြေခံငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းနိုင်သည်ဆိုလျှင်ပင် လုံလောက်မှုရှိနေပြီဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ငါးပါးသီလလုံခြုံခြင်းသည် လောကီရေးရာတွင် တရားဥပဒေနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ခြင်းမည်သောကြောင့်တည်း။

> အရက်သေစာသောက်သုံးပြီးသူသည် အရက်၏လှုံ့ဆော်မှုကြောင့် ယခင်ကမပြောရဲသောစကားကို ပြောရဲလာသည်။ ယခင်ကမပြုမူရဲသော အပြုအမူကို ပြုမူရဲလာသည်။ ၎င်းကို အချို့က ရဲဆေးတင်သည်ဟု ဆိုကြသည်။ အမှန်ကမူ မူလကထက် ရဲစွမ်းသတ္တိပိုမိုရှိလာခြင်းမဟုတ်ဘဲ အရက်ကပေးသော ဦးနှောက်ထုံထိုင်းမှုကြောင့် မကောင်းမှုကျူးလွန်ရန် မရှက်မကြောက်တော့ဘဲ ဟိရိသြတ္တပ္ပတရား ကင်းမဲ့သွားခြင်းဖြစ်သည်။ ထိုအခါ နှုတ်မှ အလွယ်တကူဆဲဆိုရန်၊ ကိုယ်ထိလက်ရောက် သူတစ်ပါးအသက် သတ်ဖြတ်ရန်၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကိုခိုးယူရန်၊ သူတစ်ပါး၏ သားသမီး၊ သားမယားကို ကျူးလွန်ရန်၊ မဟုတ်မမှန် လိမ်ညာပြောဆိုရန်တို့ကို ဝန်မလေးတော့ချေ။ ၎င်းအရာများကို အလွယ်တကူကျူးလွန်မိပြီး တရားဥပဒေနှင့် ငြိစွန်းမှုများဖြစ်ရလေတော့သည်။ ထို့ကြောင့် အရက်သေစာသောက်စားမှု (သီလပျက်ယွင်းခြင်း)သည် အခြားသီလများပျက်ယွင်းရန်၊ အခြားပြစ်မှုများကျူးလွန်မိရန် မြစ်ဖျားခံသောအမှုဟု ဆိုနိုင်

## သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ခြင်း

ငါးပါးသီလတွင် ပထမဆုံးသီလတော်ဖြစ်သည့် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ- သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် သူတစ်ပါးအသက်ကို သတ်ဖြတ်လျှင် ပြစ်မှုထိုက်သည့်အပြုအမူအဖြစ် ဥပဒေပြဋ္ဌာန်းထားချက်နှင့် ကိုက်ညီနေပေသည်။ သို့ဖြစ်၍ သူတစ်ပါးအသက်မှန်သမျှ မသတ်ဖြတ်မိအောင် ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ မလွှဲမရှောင်သာသော အကြောင်းကြောင့် ခြင်ကဲ့သို့သော သက်ရှိတစ်ကောင်ကိုသတ်မိခြင်း၊ မြွေ၊ ကင်းကဲ့သို့သော အဆိပ်ရှိသတ္တဝါတစ်ကောင်ကောင်ကို သတ်မိခြင်းသည် သီလချိုးဖောက်ရာကျရုံသာဖြစ်သော်လည်း လူပုဂ္ဂိုလ်အချင်းချင်း သတ်ဖြတ်မှုကျူးလွန်မိလျှင်ကား သီလချိုးဖောက်သည့်အပြင် ပုဒ်မ ၃၀၂ အရ ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်းကို ခံရမည်ဖြစ်သည်။

ဒုတိယသီလမှာ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ- သူတစ်ပါးမပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ခိုးမှုမကျူးလွန်ဘဲ တရားဥပဒေနှင့်အညီ နေထိုင်ကျင့်ကြံခြင်းဖြစ်သည်။ သို့မဟုတ်ပါဘဲ သူတစ်ပါးပိုင်ဆိုင်သော ပစ္စည်းဥစ္စာတစ်ခုခုကို ပိုင်ရှင်မသိအောင် တစ်နည်းနည်းဖြင့် (ပိုင်ရှင်မပေးဘဲ) ရယူခြင်းသည် ခိုးမှုဥပဒေနှင့်ငြိစွန်းသဖြင့် တရားဥပဒေ၏အဆုံးအမကို ခံယူရပါလိမ့်မည်။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-မိဘမောင်ဖွားအုပ်ထိန်းမှုအောက်တွင်ရှိသော၊ ကာမပိုင်ခင်ပွန်း၊ ဇနီးရှိသော ယောကျ်ား၊ မိန်းမတစ်ဦးဦးအပေါ် မှောက်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရမည့် တတိယမြောက်သီလဖြစ်သည်။ ထိုသီလကို ချိုးဖောက်လျှင် တရားဥပဒေတွင် မုဒိမ်းမှုကျူးလွန်ရာရောက်သကဲ့သို့ ကာမပိုင်ခင်ပွန်းရှိသူ အမျိုးသမီးကို ကျူးလွန်မိလျှင် ပုဒ်မ ၃၇၆ အရ မုဒိမ်းမှုမြောက်ပါသည်။

အချို့က မုသားမပါ လင်္ကာမချောဟုဆိုကြသည်။ ဆိုလိုသည်မှာ လိမ်ညာပြောဆိုသင့်သည်ကို ပြောဆိုပါမှ ချောမောအဆင်ပြေသည်ဟူ၍ဖြစ်သည်။ မြတ်စွာဘုရားကမူ သူတစ်ပါးအကျိုးမရှိသော လိမ်ညာစကားကို မပြောဆိုရန် ဆုံးမတော်မူထားပါသည်။ ၎င်းကို မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်ဟူသော သီလတော်ဖြင့် ပညတ်ခဲ့သည်။ လူမှုစီးပွားလောကတွင် သူတစ်ပါး၏ပစ္စည်းဥစ္စာကို လိမ်ညာလှည့်ဖြားပြောဆို၍ ယူဆောင်ပါက ပုဒ်မ ၄၂၀ အရ လိမ်လည်မှုအပြစ်ကို ကျူးလွန်ခြင်းဖြစ်၍ ပိုင်ရှင်က အမှုဖွင့်တိုင်ကြားလျှင် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခံရမည်ဖြစ်သည်။

ငါးပါးသီလ၏ ပဉ္စမမြောက်သီလမှာ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ- မူးယစ်စေသော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်ရာ ထိုသီလကို စောင့်ထိန်းနိုင်လျှင် တရားဥပဒေနှင့်ငြိစွန်းသော ပြစ်မှုအတော်များများကို မကျူးလွန်မိတော့ပေ။ အရက်ကို မြတ်စွာဘုရားက သေရည်ဟု အမည်ပေးသည်။ အသက်ကိုသေစေသောအရည်ဟု ဆိုလိုခြင်းဖြစ်သည်။ အရက်သေစာသောက်သုံးပြီးသူသည် အရက်၏လှုံ့ဆော်မှုကြောင့် ယခင်ကမပြောရဲသောစကားကို ပြောရဲလာသည်။ ယခင်က မပြုမူရဲသော အပြုအမူကို ပြုမူရဲလာသည်။ ၎င်းကို အချို့က ရဲဆေးတင်သည်ဟု ဆိုကြသည်။ အမှန်ကမူ မူလကထက် ရဲစွမ်းသတ္တိပိုမိုရှိလာခြင်းမဟုတ်ဘဲ အရက်ကပေးသော ဦးနှောက်ထုံထိုင်းမှုကြောင့် မကောင်းမှုကျူးလွန်ရန် မရှက်မကြောက်တော့ဘဲ ဟိရိသြတ္တပ္ပတရား ကင်းမဲ့သွားခြင်းဖြစ်သည်။ ထိုအခါ နှုတ်မှ အလွယ်တကူဆဲဆိုရန်၊ ကိုယ်ထိလက်ရောက် သူတစ်ပါးအသက် သတ်ဖြတ်ရန်၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူရန်၊ သူတစ်ပါး၏ သားသမီး၊ သားမယားကို ကျူးလွန်ရန်၊ မဟုတ်မမှန် လိမ်ညာပြောဆိုရန်တို့ကို ဝန်မလေးတော့ချေ။ ၎င်းအရာများကို အလွယ်တကူကျူးလွန်မိပြီး တရားဥပဒေနှင့် ငြိစွန်းမှုများဖြစ်ရလေတော့သည်။ ထို့ကြောင့် အရက်သေစာသောက်စားမှု (သီလပျက်ယွင်းခြင်း) သည် အခြားသီလများပျက်ယွင်းရန်၊ အခြားပြစ်မှုများ ကျူးလွန်မိရန် မြစ်ဖျားခံသောအမှုဟု ဆိုနိုင်ပါသည်။

## တရားဥပဒေအရ အရေးယူခံရသည့်သာဓကများ

ငါးပါးသီလပျက်ယွင်းမှုမှစတင်၍ ပြစ်မှုများကျူးလွန်မိသည်အထိဖြစ်လာပြီး တရားဥပဒေအရ အရေးယူခံရသည့်သာဓကများစွာ ရှိခဲ့သည်။ ၎င်းတို့အနက်မှ စာရေးသူကိုယ်တိုင်သိရှိခဲ့ရသော ပစ္စုပ္ပန်လောကသာဓကအချို့ကို တင်ပြပါမည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် သားသတ်လုပ်ငန်း (အမဲနှင့်ဝက်လုပ်ငန်း)ကို လုပ်ကိုင်ပါသည်။ သူသည် အစတွင် သားသတ်ခြင်းကို လူငှားဖြင့်လုပ်ကိုင်သော်လည်း နောက်ပိုင်းတွင် ကိုယ်တိုင်သတ်ဖြတ်လာသည်။ အမဲ၊ ဝက်သတ်ခြင်းသည် သူ့အတွက် ထမင်းစားရေသောက်ပမာ နေ့စဉ်ပုံမှန်လွယ်လွယ်ကူကူပြုလုပ်နိုင်သောအလုပ်ဖြစ်လာသည်။ ဤသို့ဖြင့် တစ်နေ့ ဆိုင်တစ်ဆိုင်တွင် သောက်စားကြစဉ် အခြားသူများနှင့်စကားများရန်ဖြစ်ကြသည်။ တစ်ဖက်လူက "အမဲ၊ ဝက်လောက်သတ်နိုင်တာ ကြီးကျယ်မနေနဲ့" ဟု ရန်စကားဆိုသည်ကို သည်းမခံနိုင်ဘဲ လူပါ သတ်မိလေတော့သည်။ နောက်ဆုံးတွင် လူသတ်မှုဖြင့် ထောင်ကျပြီး တရားဥပဒေ၏ဆုံးမမှုကို ခံယူရပါသည်။

နောက်သာဓကတစ်ခုမှာ လူငယ်တစ်ဦးသည် အင်တာနက်ပေါ်တွင် အလွယ်တကူကြည့်ရှုနိုင်သည့် ညစ်ညမ်းဗီဒီယိုများကို ကြည့်ရှုပြီး နီးစပ်ရာအမျိုးသမီးတစ်ဦးကို ကာမကျူးလွန်ခဲ့ရာ မုဒိမ်းမှုဖြင့် ထောင်ကျသွားခဲ့သည်။ ဤသည်မှာလည်း ကာမေသုမိစ္ဆာစာရာကံကို ကျူးလွန်မိသည့်အတွက် ယခုဘဝတွင်ပင် ဥပဒေ၏ အပြစ်ပေးခြင်းကို ခံရလေသည်။ နောင်သံသရာတွင်ကား ပြောဖွယ်ရာမရှိပေ။

ထို့ကြောင့် ကျွန်ုပ်တို့သည် လူတို့စောင့်ထိန်းရမည့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းလိုက်နာသည်နှင့် ပြစ်မှုထိုက်သည့် ရာဇဝတ်မှုအတော်များများကိုလည်း မကျူးလွန်မိတော့ပေ။ သို့ဖြစ်ရာ ငါးပါးသီလ၏ ပညတ်စည်းကမ်းများနှင့် ပြစ်မှုဆိုင်ရာတရားဥပဒေများ ဆက်စပ်မှုရှိနေသည်ကို သတိထားသိရှိကာ လိုက်နာကျင့်သုံးခြင်းဖြင့် အပြစ်ကင်းသောဘဝများကို ပိုင်ဆိုင်နိုင်ကြစေရန် တင်ပြလိုက်ရပါသည်။ ။


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် မေ ၂၁ ရက်အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၆ ဦး ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၅ ဦးအား ရှာဖွေပေးနိုင်ခဲ့ပါသည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာစေတီအခြေအနေအား ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တော်ရှိ ကျောက်သေတ္တာစေတီတော်၏ ထိခိုက်ခဲ့မှုနှင့် ဘေးပတ်ဝန်းကျင် အန္တရာယ်မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



**အကောင်အထည်ဖော်ဆောင်ရွက်**

ထိုသို့ စစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်ခဲ့ပြီးနောက် ကျောက်သေတ္တာစေတီတော် ထိခိုက်ခဲ့မှု၊ တောင်ခြေအနီးတစ်ဝိုက် အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်နေမှု၊ ကျောက်သေတ္တာစေတီတော်အား မူလလက်ရှိအတိုင်းခိုင်ခံ့စေရေး ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ကျောက်သေတ္တာစေတီတော်အား လက်ရှိအတိုင်း ခိုင်ခံ့စေရေး ကျောက်တုံးအောက်ခြေတွင် Cement Grouting နည်းလမ်း၊ မြေထိန်းနံရံကဲ့သို့ သင့်တော်မည့်နည်းလမ်းများဖြင့် စီမံဆောင်ရွက်နိုင်ရေး နည်းပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံဉာဏ်များရယူ၍ လမ်းညွှန်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်းက ကျောက်သေတ္တာစေတီတော်နှင့် ပတ်သက်၍ အသေးစိတ်အား Drone ဖြင့် ရိုက်ကူးမှတ်တမ်းယူ၍ စောင့်ကြည့်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့က သိရှိလိုသည်များ မေးမြန်းပြီး Geo-tech ပညာရှင် ဒေါက်တာယုမောင်နှင့်အဖွဲ့အား ဖိတ်ကြား၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းကို အမြန်ဆုံး ပြန်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသော သာသနိက အဆောက်အအုံများနှင့် အထူးကုဆေးရုံကြီးများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ဝဇီရာနန္ဒ သုဘောဒါရုံ စာသင်တိုက်သို့ ရောက်ရှိပြီး တိုက်အုပ်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လောကသမန္တိ တောင်ခြေဥယျာဉ်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျောင်းထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်**

ထို့နောက် ခုတင်(၅၀၀) ကလေးအထူးကုဆေးရုံသို့ရောက်ရှိပြီး ခုတင်(၅၀၀) အထူးကုဆေးရုံကြီးများဖြစ်သော သားဖွားမီးယပ်၊ ကလေး၊ အရိုးအကြော၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းရောဂါ ဆေးရုံများ၏ ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံကာ ဆေးရုံအတွင်း လျှပ်စစ်မီးရရှိရေးနှင့် လုံခြုံရေး လမ်းမီးများ အမြန်ဆုံး ရရှိရေးအတွက် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့တို့အား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ဆင်ကျုံးတောရကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုရားစေတီများ ပျက်စီးဆုံးရှုံးမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## တောင်ငူခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား တရုတ်မြေငလျင်ပညာရှင်များ ကွင်းဆင်းကြည့်ရှုလေ့လာ

**တောင်ငူ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေငလျင်ကြီးကြောင့် တောင်ငူခရိုင်အတွင်းရှိ ပြိုကျပျက်စီးမှုများကို စိစစ်လေ့လာရန်အတွက် တရုတ်မြေငလျင်ပညာရှင် Dr. Sun Baitao ဦးဆောင်သော အဖွဲ့ဝင် ငါးဦး၊ စကားပြန်တစ်ဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုလေ့လာသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တောင်ငူမြို့ (၂၃)ရပ်ကွက်၊ မိုးကောင်း၊ ချောင်းမရှင်စေဘုရားကြီး၊ ကုန်သည်ကြီးလမ်းနှင့် ဗိုလ်မှူးဖိုးကွန်းလမ်းထောင့် လူနေအဆောက်အအုံ ပြိုကျပျက်စီးခဲ့မှု၊ လူထိခိုက်သေဆုံးခဲ့သည့် ဝေဠုဝန်စာသင်တိုက်ဘုန်းတော်ကြီးကျောင်းရှိ သိမ်တော်ပြိုကျပျက်စီးမှုနှင့် အမှတ်(၁၁)ရပ်ကွက်ရှိ ကန်တော်ဗလီပြိုကျပျက်စီးမှု၊ တောင်ငူတက္ကသိုလ်ရှိ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE –MYEBMMMY
- Beneficiary Name –Natural Disaster Management Fund
- Beneficiary A/C No –EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**


























# ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့သနပ်ခါး

ကိုဇော်(ဓာတု)၊ ဒီပါလင်း

ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် သီရိပစ္စယာ(၄)လမ်းရှိ ရွှေပြည်နန်းသနပ်ခါးပြတိုက်သို့ လေ့လာရေးရောက်ရှိခဲ့သည်။ ပြတိုက်ထဲသို့လှမ်းဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ငယ်ငယ်ကသင်ကြားဖူးခဲ့သည့် ယဉ်မေ့တောသူကဗျာကို ဖတ်လိုက်ရသည်။




**ယဉ်မေ့တောသူ**

လေပြည်ငယ်သုတ်ပါလို့
ရွှေဘုတ်ကယ်အိုးအိ
အုံ့မှိုင်းငယ်ရီ
နေမီအောင်တခိုလှမ်းခဲ့ရ
ကောက်ငန်းကသူပြန်ပုံမှာ
ခတ္တာငုံပန်းနှစ်ဆင့်ငယ်နှင့်
ပန်းဝင့်လို့ရွာကိုဝင်
အမြင်ဆန်းပါဘိတယ်လေး။
ညဉ့်ချမ်းရယ်နေရီ
ချိန်တော်မီကေသီပန်းနှင့်
ရေခပ်လမ်းမှာ စခန်းသင့်လို့
ထက်ဆင့်နီရောင် ချည်စိမ်းပေါင်နှင့်
ယဉ်အောင်တောသူ
သနပ်ခါးကွက် ပါးမှာကူလို့
အမူကြီးကမ်းကုန်ကို
ဘယ်မြို့ပုံသာချင်သောရယ်လို့
ပြောကြမယ်လေး။

**ဦးကြီး**

ပြခန်းအတွင်းတွင် သနပ်ခါးသမိုင်းကြောင်း၊ သနပ်ခါးအကြောင်းသိကောင်းဖွယ်ရာ၊ သနပ်ခါးစိုက်ပျိုးနည်းများ၊ သနပ်ခါးစိုက်သင့်သောမြေနှင့် မစိုက်သင့်သောမြေများ၊ မြန်မာနိုင်ငံ သနပ်ခါးပေါက်ရောက်ရာဒေသမြေပုံ၊ သနပ်ခါးပင်၏အသုံးဝင်ပုံများ၊ သနပ်ခါးနှင့်ပတ်သက်သည့် စာပေ၊ ကဗျာ၊ ပန်းချီ၊ အထောက်အထားများ၊ သနပ်ခါးလိမ်းရန် အသုံးပြုခဲ့သည့် ကျောက်ပြင်၊ မှုန်တင်ခုံများ၊ နှစ်ပေါင်း ၁၀၀ ခန့်ရှိ သနပ်ခါးပင် (အခြောက်)၊ သနပ်ခါးပင်ကိုအသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ထားရှိပုံများအပါအဝင် သနပ်ခါးဆိုင်ရာ စာအုပ်စာဆောင်များပါ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။

ရွှေပြည်နန်း သနပ်ခါးပြတိုက်ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ နှစ်ပေါင်း (၁၆)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

သနပ်ခါးသည် မြန်မာလူမျိုးများနှင့် ခွဲခြား၍မရနိုင်သည့် အသုံးအဆောင်တစ်မျိုးဖြစ်သည်။ မြန်မာလူမျိုး အသက်အရွယ်မရွေး၊ အလှအပေါင်းစုံ နှစ်သက်သည့် မြန်မာ့သနပ်ခါးကို အသားအရေလှပစေရန်အတွက် လိမ်းခြယ်ရန်သာမက ဆေးဝါးအဖြစ်လည်းကောင်း၊ ဘာသာရေးပွဲများတွင် လည်းကောင်း သုံးစွဲခဲ့ကြသည်။ သနပ်ခါးသည် စိတ်ကြည်လင် လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့ရှိခြင်း၊ အသားအရေကို အေးမြစေခြင်း၊ ချောမွတ်စေခြင်း၊ သနပ်ခါးလိမ်းခြယ်သူများအား ကျက်သရေရှိစွာဖြင့်လှပစေခြင်း စသောဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို စွဲမက်စွာသုံးစွဲခဲ့ကြသည်။



**သွေး၊ လေညီညွတ်**

မြန်မာ့သနပ်ခါးသည် သနခါးဟူသော စကားရပ်မှဆင်းသက်လာပြီး (သန)ဆိုသည်မှာ အညစ်အကြေးဟု အဓိပ္ပာယ်ရပြီး (ခါး)ဆိုသည်မှာ စွန့်ထုတ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည့်အတွက် သနပ်ခါးသည် မကောင်းသောအညစ်အကြေးများကို စွန့်ထုတ်ပေးသည့်အရာဖြစ်ပြီး သနပ်ခါးကို လိမ်းခြယ်ပေးခြင်းဖြင့် သွေး၊ လေညီညွတ်စေသည်။

သနပ်ခါးပင်သည် အာရှဒေသ၏ အပူပိုင်းဒေသများတွင် ပေါက်ရောက်ပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပေါက်ရောက်သည်။

သနပ်ခါးစိုက်ပျိုးရာတွင် အစေ့ပျိုးခြင်းနှင့် စိုက်ခြင်းဟူ၍ အဆင့်နှစ်ဆင့်ရှိသည်။ အစေ့ကိုပျိုးရာတွင် အစိုပျိုးခြင်းနှင့် အခြောက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိသည်။ အစိုပျိုးခြင်းဆိုသည်မှာ တစ်နှစ်အတွင်းသီးသည့် သနပ်ခါးစေ့များကို ရက် ၂၀ အတွင်း ပျိုးခြင်းဖြစ်ပြီး အပင်ပေါက်နှုန်းမြင့်မားသည်။ အခြောက်ပျိုးခြင်းဆိုသည်မှာ စနစ်တကျစိုက်ပျိုးထားသော ယခင်နှစ်အစေ့များကို မိုးရာသီအမီ စိုက်ပျိုးရန် ပျိုးခြင်းဖြစ်ပြီး ပျိုးပင်ပေါက်နှုန်း နည်းတတ်သော်လည်း စိုက်ပျိုးရာတွင် မိုးရာသီကိုချိန်၍ စိုက်နိုင်သဖြင့် သနပ်ခါးပင်ဖြစ်ထွန်းမှုကောင်းမွန်သည်။

သနပ်ခါးမစိုက်ပျိုးမီ ကြိုတင်၍ မြေပြင်ခြင်း၊ ပေါင်းရှင်းခြင်းများ ဆောင်ရွက်ထားရသည်။ ပြုပြင်ထားသောစိုက်ကွက်တွင် အနည်းဆုံး ပျိုးသက် ၄၅ ရက်သား အပင်များကို မိုးရွာချိန်နှင့် ကိုက်၍စိုက်ရသည်။ စိုက်ပျိုးစဉ် ပင်မအမြစ်ခွေခေါက်မနေရန် သတိထားရသည်။ နှစ်နှစ်သားအထိ ရေလောင်းပေးနိုင်လျှင်အထူးကောင်းမွန်သည်။ နှစ်နှစ်သားအထိမသေလျှင် အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ယေဘုယျအားဖြင့် အပင်သက် ၁၀ နှစ်ခန့်ရှိလျှင် အသုံးပြုနိုင်ပြီဖြစ်သည်။

သနပ်ခါးရနံ့နှင့် အပွေးအရောင်တို့သည် ပေါက်ရောက်ရာမြေပေါ်လိုက်၍ ကွဲပြားခြားနားမှုရှိသည်။ မြန်မာနိုင်ငံတွင် လူသိများသော သနပ်ခါးများမှာ ရှင်မတောင်သနပ်ခါးနှင့် ရွှေဘိုသနပ်ခါးတို့ဖြစ်သည်။

**စိုက်ပျိုးနိုင်သော မြေအမျိုးအစားများ**

သနပ်ခါးဖြစ်ထွန်းစိုက်ပျိုးနိုင်သော မြေအမျိုးအစားများမှာ မြေနီ၊ မြေနီသဲဝန်း၊ ဝါညိုတောမြေ၊ နီညိုတောမြေတို့ဖြစ်သည်။ သနပ်ခါးစိုက်ပျိုးလျှင် မဖြစ်ထွန်းနိုင်သော မြေအမျိုးအစားများမှာ စနယ်မြေစေး၊ နုန်းမြေ၊ လယ်မြေ၊ ဂဝံမြေတို့ဖြစ်သည်။

သနပ်ခါးအရွက်သည် ဝက်ရူးနာရောဂါအတွက် အလွန်အကျိုးပြုသောဆေးကောင်းတစ်ခုဖြစ်၏။သနပ်ခါးမြစ်ကို ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုရ၏။ ချွေးထွက်စေတတ်၏။ ရက်မှန်၊ အချိန်မှန်နာသော လေနာ၊ ရင်နာကိုလည်းကောင်း၊ နှလုံး၌ထိုးအောင့် နာကျင်ခြင်းများကိုလည်းကောင်း သွေး၍လိမ်းခြင်း၊ သောက်ခြင်းများဖြင့် ပျောက်ကင်းစေသည်။ သနပ်ခါးအသီးကို ခွန်အားတိုးဆေး၊ အဆိပ်ဖြေဆေး၊ ကျောက်ရောဂါကာကွယ်ဆေးနှင့် ပြင်းထန်သော အဖျားများအတွက် အသုံးပြုသည်။ သနပ်ခါးအရွက်ကို ဝက်ရူးပြန်၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဖက်ခွက်အနာများအတွက် အသုံးပြုသည်။ သနပ်ခါးခေါက်သည် ခေါင်းကိုက်ခြင်း၊ မီးယပ်ဖြူဆင်းခြင်း၊ ဝက်ခြံနှင့် မှဲ့ခြောက်များကို ပျောက်ကင်းနိုင်သည်။ သနပ်ခါးသားကို ဆေးတံ၊ ပုတီး၊ ယောက်မ၊ သေတ္တာ၊ တံဆိပ်ထုခုံ၊ လှည်းဝင်ရိုး၊ ဆီပွတ်ကျည်ပွေ့၊ လမ်းလျှောက်တုတ်နှင့် ပန်းပုထုရန်အတွက် အသုံးပြုသည်။

သနပ်ခါးကို မြန်မာနိုင်ငံရှိတက္ကသိုလ်များနှင့် ပြည်ပတက္ကသိုလ်များ၊ အဖွဲ့အစည်းများက သိပ္ပံနည်းကျဓာတ်ခွဲသုတေသနပြုမှုများ ဆောင်ရွက်ရာတွင်လည်း သနပ်ခါးသည် လူ့ခန္ဓာကိုယ်အကျိုးပြုဒြပ်ပေါင်းများ ပါဝင်ကြောင်း၊ ဘေးထွက်ဆိုးကျိုးများ ပါဝင်မှုမရှိကြောင်း၊ အလှကုန်ပစ္စည်းများအတွက် လိုအပ်သောအရင်းအမြစ်များ ပါရှိကြောင်း တွေ့ရသည်။

မြန်မာ့သနပ်ခါးကို သဘာဝအတိုင်းသုံးစွဲကြသကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်လည်း ထုတ်လုပ်ကြသည်။ မျက်နှာပေါင်းတင်ဆေး၊ သနပ်းခါးခရင်မ်၊ ဖောင်ဒေးရှင်း၊ ဆပ်ပြာ၊ ဘော်ဒီလိုးရှင်း၊ ရေမွှေးစသည်တို့ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

မြန်မာ့အလှကုန်ပစ္စည်းများအနက် ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီလီမိတက်က ထုတ်လုပ်သော အလှကုန်ပစ္စည်းများကို ၂၀၀၈ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ Global Excellence Awards Committee က လူသားတို့အတွက် ဥပဒ်ကင်းစေ၍ အသားအရေ စိုပြည်ကျန်းမာစေသော သဘာဝအလှကုန်ဆု၊ Global Excellence Awards 2008 ကို လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ People Choice Awards Committee မှ ရွှေပြည်နန်းသနပ်ခါးကို နှစ်သက်မြတ်နိုးယုံကြည်စွာသုံးစွဲကြသော သနပ်ခါးချစ်သူများ၏ အကောင်းဆုံးသဘာဝအလှကုန် အနှစ်သက်ဆုံးရွေးချယ်မှုဆု Shwe Pyi Nanns Organic Thanakha 2009 Outstanding Facial Skincare Productsတို့ကိုလည်းကောင်းရရှိခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော်ကပင် သနပ်ခါးကိုသုံးစွဲခဲ့ကြသည်။ မြန်မာ့သမိုင်းတွင် ပျူခေတ်မှစတင်ခဲ့သည်ဟုမှတ်သားရသည်။ ထို့နောက် ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံမှသည် ယနေ့ခေတ်အထိ သုံးစွဲလျက်ရှိသည်။ သနပ်ခါးသုံးစွဲမှုနှင့်ပတ်သက်၍ အင်းဝခေတ် (၁၇)ရာစုမှသာ စာပေအထောက်အထားများကို တွေ့ရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အပါယ်ရတနာဘုရားနှင့် စူဠာမုဏိဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီတွင် သနပ်ခါးကို သွေးလိမ်းခဲ့ကြောင်း အထောက်အထားများ တွေ့ရှိထားသည်။ မြန်မာ့ရိုးရာသနပ်ခါးနှင့် ယှဉ်တွဲလျက် ဘုရင့်နောင်မင်းတရားကြီး ပဲခူးမြို့ ရွှေမောဓောစေတီတော်ကြီး ပြန်လည်ပြုပြင်ချိန် သမီးတော်ရာဇဓာတုကလျာမင်းသမီးသည် ဘုရားကြီး

စာမျက်နှာ ၂၄ သို့ ☆

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများသို့ သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ‌ာစံပြကျေးရွာ ဒေးဒနေ‌ာဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုးသုံးဦးနှင့် အဘွား ၁၀ ဦး စုစုပေါင်း ၁၃ ဦးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အလှူငွေများအား ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ထမင်းစားဆောင်ကို ကြည့်ရှုကာ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး အဘိုး ကိုးဦး နှင့် အဘွား ၁၆ ဦး စုစုပေါင်း ၂၅ ဦးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အလှူငွေများကို ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ဘိုးဘွားများ၏ ဘုရားဝတ်ပြုဆောင်နှင့် ထမင်းစား ဆောင်တို့ကိုကြည့်ရှုကာ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

❍ **မြန်မာအမျိုးသမီးလိဂ်မှ**

ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်အသင်း၊ ရှောဝတီအသင်း၊ မြဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ YREO အသင်း၊ သစ္စာအားမာန်အသင်း၊ Young Lionesses အသင်းနှင့် ရန်ကုန်ရှိုင်ရယ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို မေ ၂၂ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက်မှ ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁)အဖြစ် မေ ၂၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရှောဝတီအသင်း၊ မေ ၂၃ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ မြဝတီအသင်းနှင့် YREO အသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ-MWL**

❖ **MNL မှ**

နိုင်ငံခြားသားကစားသမားများ အသုံးပြုခဲ့သော်လည်း လိဂ်ပြိုင်ပွဲတွင်မူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းသည် ရာသီသစ်အတွက် ကင်မရွန်းနောက်ခံလူ အိုင်းဒရစ်၊ ကင်မရွန်းတိုက်စစ်မှူး မိုဂူနှင့် တန်ဇန်းနီးယား တောင်ပံတိုက်စစ်ကစားသမား ယူဆပ်ရှာဘာနီတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားသုံးဦးအနက် တိုက်စစ်မှူး မိုဂူတစ်ဦးတည်းသာ MNL တွင် ကစားဖူးသူဖြစ်ပြီး ပြီးခဲ့သည့်ရာသီက Dagon Port အသင်းတွင် ကစားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးမတိုင်မီက ဒဂုံစတားယူနိုက်တက်အသင်းမှ မြန်မာ့လက်ရွေးစင်ဂိုးသမား ဇင်ညီညီအောင်၊ Dagon Port အသင်း ကွင်းလယ် ကစားသမား မျိုးဆက်ပိုင်တို့ကို ခေါ်ယူထားပြီး ပြည်တွင်း၊ ပြည်ပ ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - YUFC**



ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူခဲ့သည့် တိုက်စစ်မှူး မိုဂူ။

❂ **ကျောဖုံးမှ**

ပွဲစဉ်(၃၃)အပြီးမှာ ၇၉ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားဒုတိယနေရာက အာဆင်နယ်အသင်းကို ၁၃ မှတ်ဖြတ်ထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် လာမယ့်ပွဲစဉ်မှာ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့ရင် လီဗာပူးအသင်းဟာ အလိုအလျောက် ပရီမီယာလိဂ်ချန်ပီယံ ဖြစ်လာမှာဖြစ်ပါတယ်။

တကယ်လို့ အာဆင်နယ်အသင်းအနေနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းကို မရှုံးခဲ့ရင်တောင် လီဗာပူးအသင်းအနေနဲ့ စပါးအသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ရာသီမသိမ်းမီ ပရီမီယာလိဂ်ချန်ပီယံဖြစ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ **ငွေကြယ်**



## စလင်းမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

စလင်း မေ ၂၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ စလင်းမြို့အဝင်မုခ်ဦးဆိုင်းဘုတ်အနီး စိုက်ပျိုးထားသည့် သက်တမ်းလွန် ထပ်တရာပန်းပင်များရှင်းလင်းခြင်းနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက် အရိပ်ရပင်များ၊ ပန်းအလှပင်များစိုက်ပျိုးရန် မြေကျင်းတူးဆောင်ရွက်ခြင်းကို မေ ၂၀ ရက်က ဆောင်ရွက်သည်။

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသပ်ရပ်လှပရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများပူးပေါင်း၍ စလင်းမြို့အဝင်ဆိုင်းဘုတ်အတွင်း သက်တမ်းလွန် ပန်းအလှပင်များ ရှင်းလင်းခြင်း၊ စလင်း-မင်းဘူးကားလမ်းမ လမ်းဘေး/ဝဲယာတစ်လျှောက် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးရန် မြေကျင်းတူးဖော်ခြင်း၊ မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများအတွင်း ရွှံ့မြေ၊ နုန်းမြေနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ မြို့နယ်အတွင်း သန့်ရှင်းသပ်ရပ်လှပစေပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



**❛ သနပ်ခါးသည် မြန်မာလူမျိုးများနှင့် ခွဲခြား၍မရနိုင်သည့် အသုံးအဆောင်တစ်မျိုးဖြစ်သည်။ မြန်မာလူမျိုး အသက်အရွယ်မရွေး၊ အလှပေါင်းစုံနှစ်သက်သည့် မြန်မာ့သနပ်ခါးကို အသားအရေလှပစေရန်အတွက် လိမ်းခြယ်ရန်သာမက ဆေးဝါးအဖြစ်လည်းကောင်း၊ ဘာသာရေးပွဲများတွင်လည်းကောင်း သုံးစွဲခဲ့ကြသည်။ သနပ်ခါးသည် စိတ်ကြည်လင်လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့ရှိခြင်း၊ အသားအရေကို အေးမြစေခြင်း၊ ချောမွတ်စေခြင်း၊ သနပ်ခါးလိမ်းခြယ်သူများအား ကျက်သရေရှိစွာဖြင့်လှပစေခြင်း စသောဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို စွဲမက်စွာသုံးစွဲခဲ့ကြ ❜**

☆ **စာမျက်နှာ ၂၃ မှ**

ဌာပနာသွင်းရာတွင် ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတို့နှင့်အတူ ကျောက်ပြင်ကိုပါ ဌာပနာထည့်သွင်းပူဇော်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ သနပ်ခါးလိမ်းခြယ်ရာတွင်လည်း ကျောက်ပြင်အမျိုးအစားများဖြစ်သည့် ဆေးကျောက်ပျဉ်၊ ခရီးဆောင်ကျောက်ပျဉ်၊ ဂမ္ဘီရကျောက်ပျဉ်၊ ရတနာကြုတ်ကျောက်ပျဉ်၊ ခေတ်ပေါ်နာရီပုံကျောက်ပြင်တို့ အသုံးပြုခဲ့ကြောင်း ရွှေပြည်နန်းသနပ်ခါးပြတိုက်တွင် ပြသထားသည်ကို လေ့လာနိုင်သည်။

မြန်မာ့သနပ်ခါးသည် အသားအရေအတွက် ကောင်းကျိုးပြုသည်သာမက ဆေးဝါးအဖြစ်လည်းအသုံးပြုနိုင်သည်။ ခေတ်အဆက်ဆက်တည်ရှိခဲ့ပြီး အသုံးပြုခဲ့သည့် မြန်မာ့သနပ်ခါးသည် မြန်မာလူမျိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့အမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ရှိန်ထည်ဝါစွာ ရပ်တည်လျက်ရှိပေသည်။ ထို့ကြောင့် မြန်မာ့သနပ်ခါးကို စဉ်ဆက်မပြတ် စိုက်ပျိုးပြီး မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်း ဓလေ့ကို ထိန်းသိမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် မေ ၂၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်နှင့်မြို့ဦးစေတီတို့တွင် မီးသတ်ဦးစီးဌာနကပြည်သူများ မီးပေါ့ဆမှုမရှိစေရန်၊ မီးလောင်မှု လျှော့နည်းပပျောက်စေရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေးခြင်းနှင့်ဘုရားရေသပ္ပာယ်ခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသွင်ယုနိုင်၏ ဦးဆောင်မှုဖြင့် အမှတ်(၆)ရပ်ကွက်ရှိ အိမ်ခြေ ၃၀၀ အားတစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအတွက် မီးသုံးစွဲမှုများကိုလိုက်လံစစ်ဆေးကာ မီးဘေးကြိုတင်ကာကွယ်ရေးအချက်များသိရှိရန်၊ လျှပ်စစ်မီးနှင့် အခြားမီးများကိုလည်း ဂရုပြုသုံးစွဲရန်၊ မီးဘေးကာကွယ်ရေး ပစ္စည်းများဖြစ်သော မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲနှင့် မီးချိတ်၊ မီးကပ်များ စနစ်တကျထားရှိရန်တို့ကို မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးဆောင်ရွက်ပြီး မြို့ဦးစေတီတွင် ဘုရားရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း ဆေးကြောသန့်စင်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို သန္နေတပ်ဖွဲ့ဝင် ၃၀၊ အရန်တပ်ဖွဲ့ဝင် ၃၅ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် စုပေါင်းဆောင်ရွက်ကြသည်။

ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးပေါ့ဆမှုမရှိစေရေးနှင့် မီးလောင်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် မီးသုံးစွဲရာတွင် သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် လှည့်လည်၍ အပတ်စဉ်လှုံ့ဆော်ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်



**သာပေါင်း မေ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မေ ၁၈ ရက် နံနက်ပိုင်းက ကွက်ပြင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာရှိကိုကိုလေး (KKL) စက်သုံးဆီ အရောင်းဆိုင်၌ မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့က အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်သူလွင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စာသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းလတ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်လင်းထက်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကိုကိုလေး(KKL) စက်သုံးဆီ အရောင်းဆိုင်တွင် အသိပညာပေး ပြောကြားပြီး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက ရှေးဦးမီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ အမြှုပ်မီးသတ်ဆေးရည်အသုံးပြု၍ မီးငြိမ်းသတ်နည်းတို့ဖြင့် ဇာတ်တိုက်လက်တွေ့ လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**တိုက်ကြီး မေ ၂၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များနှင့် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နှင့် အဖျောက်မြို့တို့တွင် တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်း၊ မီးသတိမူရေး ဆော်ဩခြင်း၊ မီးသတ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း စသည့် မီးဘေးလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။



အဆိုပါ မီးဘေးလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ကန်ကြီးထောင့်မြို့နယ်၌ ပိုက်ဆံလျှော် မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲအခမ်းအနား ကျင်းပ

**ကန်ကြီးထောင့် မေ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့် မြို့နယ်၌ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သဘော့ငူကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းမြ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးမူ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြကာ တာဝန်ရှိသူများက ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မျိုးစေ့များ ပေးအပ်ပြီး သဘော့ငူကျေးရွာအုပ်စုရှိ တောင်သူ ဦးဟန်စိုး၏ လယ် ၁၀ ဧကတွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မျိုးစေ့များအား တစ်ဧကလျှင် လေးပြည်နှုန်းဖြင့် ကြဲပက်ခဲ့ကြသည်။



လယ်ယာမြေများတွင် ပိုက်ဆံလျှော် စိုက်ပျိုး၍ လယ်မြေအတွင်းသို့ သစ်စိမ်းမြေဩဇာအဖြစ် ထည့်သွင်းခြင်းဖြင့် ဓာတ်မြေဩဇာ သုံးစွဲမှုအား လျှော့ချနိုင်ပြီး မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။



# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

# မိုးညိုမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

မိုးညို မေ ၂၁

ပဲခူးတိုင်းဒေသကြီး မိုးညို မြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို မေ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နံနက် ၇ နာရီခွဲတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်ကြီးဘိုးဘွား ၂၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် လှူဒါန်းဂါရဝပြုခဲ့ကြပြီး မြို့နယ်ကျန်းမာရေးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက် ၍ ဝဲကြီးကျေးရွာအုပ်စု သဲရိုးကျေးရွာအနီးရှိ ဧရာဝတီ




မြစ်အတွင်းသို့ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးကောင်ရေ ၇၀၀၀ အား ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ လေဘေးသင့်ပြည်သူများအား အလှူငွေများလှူဒါန်း

ညောင်ဦး မေ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ်အနောက်ဘက် ဧရာဝတီမြစ်လယ်၌ တည်ရှိသော ကျွန်းသီရိကျေးရွာတွင် မေ ၁၄ ရက် (သင်္ကြန်အကျနေ့)က လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာရှိ လူနေအိမ်များ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရ၍ ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရဦးဆောင်သော ပရဟိတ လူငယ်များအဖွဲ့က လူနေအိမ်များ ပြန်လည်ပြုပြင်နိုင်ရန် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တ သာဂရနှင့် ပရဟိတလူငယ်များအဖွဲ့က ကျွန်းသီရိကျေးရွာရှိ လေဘေးသင့် အိမ်ထောင်စုများကို တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် တစ်သိန်းစီ၊ တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးခဲ့သည့် အိမ်ထောင်စု ကိုးစုအား ငွေကျပ် ၅၀၀၀၀ စီ တို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ အသက် (၇၀)နှင့်အထက် (၇၆)ကြိမ်မြောက်သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို မဟာပုညောပကာရဓမ္မာရုံ၌ မေ ၁၇ ရက်က ကျင်းပစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်၊ တင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား |
| --- | --- |
| (က) | ကျုံကူးနယ်မြေမီးသတ်စခန်းအဆောက်အဦ (သံကူကွန်ကရစ်) (၄၅' x ၅၀' x ၂၆')ပေ (၂)ထပ် (ရေသန့်လျှပ်စစ်ပါ)လုပ်ငန်း (၅၆.၁၆%) |
| (ခ) | အဆင့်မြင့်အရေးပေါ်တုံ့ပြန်မှုစနစ် (Advanced Response System - AERS) Man Pack (၁) စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၂-၄-၂၀၂၅) ရက်နေ့မှစ၍ စတင်ရောင်းချမည်ဖြစ်ပြီး (၅-၅-၂၀၂၅)ရက်နေ့ (၁၆:၀၀) အချိန် နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ဖုန်း ( ၀၄၂-၂၀၂၅၂၉၆၊ ၀၄၂-၂၀၂၁၁၂၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**

# ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ



## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၂၊ မြေကွက်အမှတ်-၁၀၄၆/ခ၊ အကျယ်အဝန်း(၂၀ပေ x၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၄၆/ခ)၊ သီရိကျော်ထင်လမ်းသွယ်- ၃၊ ၁၆၈/၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသည့်မြေချပါမစ်တွင် ဦးချစ်ဖေ[၁၂/ဥကတ(နိုင်)၁၂၅၀၆၉] အမည်ပေါက် လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက် ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မာမာစိုး [၁၂/ဒဂဆ(ယ)၀၀၁၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆၂ ကံဘဲ့)၊ မြေကွက်အမှတ်-(၂၆/င)၊ မြေဧရိယာ (၀.၀၉၆)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်-၇(D)၊ ကန်ရိပ်သာလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ထပ် အဆောက် အဦ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အေးအေးသက် (ဘ)ဦးမောင်စိုင်[၆/လလန(နိုင်)၀၇၈၁၉၈]ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
| --- | --- |
| **ဒေါ်ခင်ဝင်းမြင့်(B.Sc. PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၇၉၇/က)၊ ရန်ပြေ(၁၅)လမ်း၊ မြေအကျယ်အဝန်း(၂၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နုနုလွင်[၁၄/မမန(နိုင်)၁၈၁၉၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း ( LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၀၁၉၇၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဏ - ၄၀)၊ လူနေရပ်ကွက် (ဏ-၁၄)၊ ဝက်ဘာပါတ်လမ်း၊ အမှတ်(၁၉၈၀/က)ဟု ခေါ်တွင်သော ဦးထွန်းကြိုင်[၁၂/အစန(နိုင်)၁၆၄၉၀၇]အမည်ပေါက် ပါမစ်မူရင်းပါ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်ကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်(ဏ-၄၀)၊ လူနေရပ်ကွက်(ဏ-၁၄)၊ ဝက်ဘာပါတ်လမ်း၊ အမှတ် (၁၉၈၁/က)ဟု ခေါ်တွင်သော ဦးခင်စိန် (U/RGN-002159) အမည်ပေါက်ပါမစ်မူရင်းပါ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်ကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဏ-၄၀)၊ လူနေရပ်ကွက်(ဏ-၁၄)၊ ဝက်ဘာပါတ်လမ်း၊ အမှတ် (၁၉၈၁/ခ)ဟုခေါ်တွင်သော ဦးမြလွင် [၁၂/လမန(နိုင်)၀၇၇၂၂၁]အမည်ပေါက်ပါမစ် မူရင်းပါ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်ကိုလည်းကောင်း၊ ၎င်းတို့ထံမှ အရောင်းအဝယ် စာချုပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ပြီး အကျိုးခံစားခွင့်၊ ရောင်းချခွင့်ရှိသူ ဦးဝင်းဗိုလ် [၁၀/ခဆန(နိုင်)၀၁၁၄၅၅] မှ ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အထက်ပါ ပါမစ်မူရင်း(၃)ကွက်အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းတင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
| --- | --- |
| **ဦးကျော်ကျော်စိုး (LL.B)** | **ဒေါ်လဲ့လဲ့ဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၃၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၃၈)** |

**အမှတ်-၃၉၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၈၁၇၅၅၄၀၊ ၀၉-၄၅၆၈၅၀၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ မြေကွက်အမှတ်(၉၆၁/ခ)၊ ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆ထပ်) အဆောက်အဦ၏ ပထမထပ်(၂-လွှာ)၊(အလျား၁၈ ပေx အနံ၅၄ ပေ)၊ အကျယ်အဝန်းရှိ ရေမီးစုံတိုက်ခန်း(၁)ခန်းအပါ အဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို မြေရှင် ဒေါ်ရင်ရင်သိန်း [၁၂/ဥကတ(နိုင်)၀၄၀၆၁၇]ထံမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်နိုင်ဦး[၁၂/သဃက(နိုင်) ၁၅၄၈၆၈]နှင့် ဒေါ်ချိုချို[၁၂/ပဇတ(နိုင်)၀၁၉၉၃၆]တို့မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရဲအောင် [၁၂/ကမရ(နိုင်)၀၀၀၄၄၄]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
| --- | --- |
| **ဦးမောင်မောင်ချစ်(စလင်း)( LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932,09983837110** |

## ပတ်စ်ပို့ပျောက်

(ဘ)ဦးနေဝင်း ၏ သမီး မဇာဇာအောင်[၉/တသန(နိုင်)၁၈၆၅၁၆] ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၆၀၁၁၅၃၂**

# စာအုပ်
# စာပေ
# လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၅၅)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဒေါ်ခင်သန်းအမည်ပေါက်ဂရန်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်ခင်သန်း[၁၂/ဗဟန(နိုင်)၀၂၂၉၈၆]ထံမှ ကျွန်ုပ် မိတ်ဆွေဖြစ်သူ ကိုတင်စိန်[၁၂/မဂတ(နိုင်)၁၀၂၃၆၇]က အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လို ပါကပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငယ်ငယ်သိန်းညွန့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၂၈)**
**အမှတ်(၁၂၈၆)၊ ရွှေစင်လမ်း၊ (၅၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၉၇၅၇၃၅၅၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ ဒူးယားလမ်း၊ မြေကွက်အမှတ် (၆၂၃)ဟုခေါ်တွင်သော (အလျား၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးသိန်းဆောင်(ISN-၀၅၁၄၈၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏တရားဝင်မခွဲစိတ်ရသေးသောမြေကွက်အမှတ်(၆၂၄) နှင့်ကပ်လျက်ဘက်ခြမ်း၊ ခေါင်းရင်းခြမ်း(အလျား၂၀ပေxအနံ၆၀ပေ)အကျယ် အဝန်းရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား သူဒေါ်မြင့်မြင့်ဝေ[၁၀/သဖရ(နိုင်)၀၂၁၅၂၁]မှ ဥပဒေနှင့်အညီတရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
| --- | --- |
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀ - ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်- ၁၀၆၃ ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၀၊ မြေကွက်အမှတ် - ၁၀၆၃ ၊ အကျယ် (၄၀' x ၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ အကျယ် (၂၀'x ၆၀') ၊ (ဂရန်မိတ္တူခြမ်း)၊ (နောက်ဖေးလမ်းနှင့် ကပ်လျက်အခြမ်း) မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေ စာရင်းတွင် ဦးခင်မောင်လွင်(၃/ဘအန(နိုင်)၁၀၇၄၇၁)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ဝင်းနိုင် (၁၂/သကတ(နိုင်) ၁၂၆၀၂၆)မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက် သဘောတူ ညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆို နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိ ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
| --- | --- |
| **ဒေါ်ကေသီဖြိုးကျော်(LL.B,D.B.L,D.M.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၈၇) | အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
**(ကျောင်းဆရာမ- ငြိမ်း)**
## အသက်(၈၉)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်ထိန်းသိမ်းရေး၊ မန္တလေးတိုင်းထိန်းသိမ်းရေး**
**တည်ဆောက်ရေး(၇)၊ စက်မှုတိုင်း(၂)၊ စက်မှုတိုင်း(၄)**
**ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
**(ကျောင်းဆရာမ- ငြိမ်း)**
## အသက်(၈၉)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲဖြစ်ရပါသည်။

**ညွှန်ကြားရေးမှူး၊ ဆည်/ရေ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး**
**ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၃)**
**ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၈)**
**ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)**
**ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၃)နှင့်**
**မကွေးတိုင်းဒေသကြီး၊ ဆည်/ရေ ဦးစီးဌာန ရုံးများမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
**(ကျောင်းဆရာမ- ငြိမ်း)**
## အသက်(၈၉)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

**မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး**
**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## အန်တီ ဒေါ်မြင့်မြင့်
## အသက် (၈၉)နှစ်

သူငယ်ချင်း ဦးခင်ဇော် (ညွှန်ကြားရေးမှူးချုပ်) ၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် ညနေ ၅:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမိုးသန်းချစ်**
**ဦးဇော်ဝင်းချစ်-ဒေါ်ကြည်ကြည်စိုး (ဖြူဖွေး)**
**ဦးသော်တာချစ်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၃၇၇)ဟုခေါ်တွင်သော အလျား(၂၈)ပေ x အနံ(၉၉)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးစုံ (၂)ထပ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းအောင်ကျော်[၁၂/ကတန(နိုင်)၀၀၃၉၆၉] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးမောင်မောင်အေး[၁၂/စခန(နိုင်)၀၁၃၀၀၄] ကိုင်ဆောင်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့် နေ့မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ် ကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမောင်မောင်အေး**
**[၁၂/စခန(နိုင်)၀၁၃၀၀၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထက်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၂၄)**
**အမှတ်(၆၂၄)၊ မဟာသုခလမ်း၊**
**ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့။**
**ဒေါ်သက်မာဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၂၉၅၇၀)**
**အမှတ်(၃၂၆)၊ အောင်မင်္ဂလာ(၁)လမ်း၊**
**ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့။ ၀၉-၇၇၃၇၅၄၃၁၄**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်မောင်ကြင်
**လယ်/ပြ(အထက-၂၊ တာမွေ)**
**လက်ထောက်ကထိက(ငြိမ်း)၊**
**ရန်ကင်းပညာရေးဒီဂရီကောလိပ်**
## အသက်(၈၄)နှစ်

မန္တလေးမြို့နေ(ဦးဘစံ-ဒေါ်ခင်အေး)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ အမှတ်(၂၇)၊ ဓမ္မဒါနလမ်းနေ(ဦးစံမြ-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်စန်းရီ(မူ/အုပ်-ငြိမ်း၊ အမက-၁၀၊ တာမွေ) ၏ခင်ပွန်း၊ ဦးစိုးဝင်းမောင်-ဒေါ်သန္တာကြင်(အလက-၁၁၊ တာမွေ)၊ ဦးဇော်ဝင်း-ဒေါ်ခိုင်မာကြင်၊ (ဒေါ်သီတာကြင်)တို့၏ ကျေးဇူးရှင်မွေးဖခင်၊ မသက်နွယ်စိုး၊ မနွယ်နီစိုး၊ မောင်ခန့်မင်းထက် (ခေတ္တ-ဂျပန်)၊ မမေဖူးဖူးဇော်(ခေတ္တ-ဂျပန်) တို့၏အဘိုး ဦးမောင်မောင် ကြင်သည် ၂၁-၄-၂၀၂၅ရက်(တနင်္လာနေ့) မွန်းလွဲ (၁:၄၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ် အား ၂၃-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၁၁)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် (၉:၃၀)နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးစိန်ဝင်းကြီး
**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)**
**မြန်မာ့လက်ရွေးစင်နှင့် အကောက်ခွန်ဘောလုံးသမားဟောင်း**
## အသက်(၇၈)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၉၁၀) ဦးစိန်ဝင်းကြီးသည် ၂၈-၃-၂၀၂၅ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၅ရက်နေ့ နံနက် ၉ နာရီတွင် မန္တလေး-ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဦးသန်းကျော်ကျော်
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**( ကျောင်းအုပ်ကြီး၊ ဗဟိုမီးသတ်သင်တန်းကျောင်း)**
## အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၂၅)၊ (၄)လွှာနေ (ဦးခင်မောင်ကြီး-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးကံမြင့်-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းအေး၏ မောင်၊ ဦးအေးမြင့်၊ ဦးအောင်ကိုကို၊ ဦးညီညီလွင်၊ ဒေါ်စန်းစန်းယုတို့၏ အစ်ကို၊ ဒေါ်ကြူကြူ၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူကျော်၊ မဝင်းလဲ့ရည်၊ မသိင်္ဂီရွှေရည်တို့၏ ချစ်လှစွာသော ဖခင်သည် ၂၁-၄-၂၀၂၅(တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်အား ၂၃-၄-၂၀၂၅ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၅ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၂၅)၊ (၄)လွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသိင်္ခလမ်း၊ အမှတ်(၂၇)နေ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်-၂ ၏ မိခင်ကြီး ဒေါ်မြင့်မြင့်သည် ၂၀-၄ -၂၀၂၅ရက်(တနင်္ဂနွေနေ့)ညနေ ၅:၂၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း**
**ညွှန်ကြားရေးမှူးချုပ်နှင့်စိုက်ပျိုးရေးဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Albert Ohn Khin (ဦးရဲမြင့်) MEHS'68 Batch
## အသက် (၇၇)နှစ်

Methodist English High School (အထက-၁၊ ဒဂုံ) တွင် အတူကျောင်းတက်ခဲ့ရာမှ ယနေ့တိုင်အဆက်အသွယ်မပြတ်၊ သူငယ်ချင်းများ၏ သာရေးနာရေး၊ လူမှုရေးကိစ္စများတွင် တက်ကြွစွာပါဝင်ကူညီတတ်သော Albert Ohn Khin သည် ၁၅-၄-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MEHS'68 Batch**
**ငယ်သူငယ်ချင်းများ**

**ဘုရား ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အုံးရင်
**အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**
**အ.ထ.က ဆွာ ၊ အ.ထ.က ၄ ပဲခူး၊ အ.ထ.က မြေပုံ**
**အလယ်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အ.လ.က ၃ ကျောက်ဖြူ**
**အထက်တန်းပြ (ငြိမ်း) အ.ထ.က ကျောက်ဖြူ၊ အ.ထ.က ၁ လှိုင်၊**
**လက်ထောက်ကထိက(ငြိမ်း) ကျောက်ဖြူ ဆရာအတတ်သင်ကျောင်း**
## အသက်(၉၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးဘ-ဒေါ်စောဦး)တို့၏ သမီး၊ ပခုက္ကူမြို့နေ (ဦးအောင်ဘို-ဒေါ်ရေ)တို့၏ သမီးချွေးမ၊ တိုက်-၂၊ ပြည်သာယာအိမ်ရာ၊ ဘောက်ထော်ဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်ဇင်)(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း) ၏ ဇနီး၊ [ဦးသာထွန်းဦး(ဌာနာအုပ်-ငြိမ်း)-ဒေါ်ဖြူ]၊ [ဗိုလ်ကြီးဦးသာထွန်း(ငြိမ်း)-ဒေါ်စောလှ]၊ [ဦးကံကြီး(အထက်တန်းကျောင်းအုပ်ကြီး-ငြိမ်း၊ အ.ထ.က-၂ နှင့် အ.ထ.က-၄၊ မေမြို့)]၊ [ဒေါ်လှခင်(ကုန်သွယ်ရေး-၁၀၊ ငြိမ်း)]၊ [ဒေါ်ညီမလေး(လက်ထောက်ကြီးကြပ်ရေးမှူး၊ ရခိုင်ပြည်နယ်ပညာရေးမှူးရုံး-ငြိမ်း)]၊ [ဦးသံဒိုင်-ဒေါ်သန်းစိန်(မူလတန်းပြ-ငြိမ်း)]တို့၏ ညီမ နှင့် (ဦးမင်းဟန်-ဒေါ်ရင်ရင်)၊ ဒေါ်ခင်ထွေးရီ-(ဦးသန်းမြ)တို့၏ အစ်မ၊ ဒေါက်တာ စမ်းနွယ်ဇင်၊ ဦးမင်းမင်းဇင် (United Wood Industries Co., Ltd.)-ဒေါ်နီနီအေးထွန်း(ရောဝတီဘဏ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင် မိခင်ကြီး ဒေါ်အုံးရင်သည် ၁၃-၄-၂၀၂၅ရက် မွန်းလွဲ ၁၂:၀၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါကြောင်းနှင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်လှမြင့်(ချောင်းဆုံ)
**မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(ငြိမ်း)**
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အိမ်အမှတ်(၆၅၅)နေ (ဦးထွန်းဝေ)၏ဇနီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊အင်းဝလမ်း၊ အိမ်အမှတ်(၄၀၈)နေ ဦးဇော်နိုင်-ဒေါ်သူဇာသွင်တို့၏မိခင်၊ မောင်တည်တံ့(ခေတ္တ-UK)၊ မောင်သုသန့်(ES4E)တို့၏အဘွား ဒေါ်လှမြင့်သည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီခန့်တွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၅ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ် (၂)အိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၅ရက်(စနေနေ့)တွင် တောင်ဥက္ကလာပမြို့ နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှမြင့်
## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ၄က်ပျောတောလမ်း၊ အမှတ်(၅၃)နေ ရဲမှူးကြီးဝင်းမြင့်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုးနိုင်)-ဒေါ်မြင့်မြင့်စိန်၊ ဦးဇေယျာထွန်း-(ဒေါ်လှလှမြိုင်)၊ ဦးမင်းစိန်-ဒေါ်သင်းသင်း၊ ဦးကျော်မျိုးမြင့်-ဒေါ်ယဉ်ယဉ်မြိုင်၊ ဒေါ်သင်းသင်းမြိုင်၊ ဦးကျော်လှိုင်ဝင်း-ဒေါ်ရင်ငြိမ်းလှတို့၏ ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်လှမြင့်သည် ၁၉-၄-၂၀၂၅ရက် (စနေနေ့)ည ၁၀:၁၅နာရီတွင် မဟာမြိုင်ဆေးရုံး၌ ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၁-၄-၂၀၂၅(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါ၍ ၂၅-၄-၂၀၂၅(သောကြာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး အရဏ်ဆွမ်း ကပ်လှူမည်ဖြစ်ပါသဖြင့် တရားနာ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြဆွေ(ခ)ဌေးဌေး(ခ)ဒေါ်မြနှင်းဆီ
**အ.ထ.က(၁) တောင်ဥက္ကလာပမှ ဆရာမကြီး**
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ(ဦးလှမောင်-ဒေါ်စိုးမြင့်)၊ (ဦးဖေသန်း-ဒေါ်အုန်းကြည်)တို့၏ သမီးကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ(၁)လမ်း၊ အမှတ်(၁၁၄၀)နေ ဦးမြမောင် (ခ) ဦးခင်မောင်အေး၏ ချစ်လှစွာသော ဇနီး၊ Ohio/Daydan ရပ်နေ Mr.Augusco-ဒေါ်သီရိမွန်၊ ဘန်ကောက်မြို့နေ ဦးကိုကိုမောင်-ဒေါ်အေးအေးခိုင်@ Mrs. Nittaya Maung, Austin Jexas ရပ်နေ (မမြကေခိုင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးများဖြစ်ကြသော Cezar, Benessa, PRccilla, Mr. Bhatdanai Maung(William), Mr. Bhumipat Maung (Stanley)တို့၏ ချစ်လှစွာသော အဘွားသည် ၂၀-၄-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁၁:၄၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကွယ်လွန်သူ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၄-၂၀၂၅ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၅(စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ရက်လည်ဆွမ်းကပ်လှူဒါန်းပြီး ရေစက်ချ အမျှအတန်းပေးဝေလိုပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ရဟန်း ဒါယကာကြီး**
## ဦးခင်မောင်မောင်အေး(ခ)ဦးမှတ်ကြီး
## အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်ကြီး-ဒေါ်သန်းအိ)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ယဉ်အေး)တို့၏ သားသမက်၊ ဒေါ်သန်းသန်းမြင့်၏ ခင်ပွန်း၊ ဒေါ်ကြည်လဲ့ဝေ၏ ဖခင်၊ ဦးခင်မောင်မောင်သန်း-ဒေါ်စုစုထွေးတို့၏ ညီ၊ ဦးခင်မောင်မောင်အုန်း- ဒေါ်ဆွေဆွေဝင်း၊ ဦးခင်မောင်မောင်စန်း-ဒေါ်ညိုညိုစန်း၊ ဦးခင်မောင်မောင်သောင်း-ဒေါ်သိမ့်သိမ့်၊ ဦးခင်မောင်မောင်သင်း-ဒေါ်စပယ်အောင်တို့၏ အစ်ကိုသည် ၂၁-၄-၂၀၂၅(တနင်္လာနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၃-၄-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့နှင့်တကွ ရေစက်သွန်းချ အမျှပေးဝေလိုပါသောကြောင့် ၂၇-၄-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၉)၊ အနော်မာ(၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁-ရပ်ကွက်၊ ထိပ်တင်မှတ်(၂)လမ်း၊ အမှတ်(၈၀၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀'x၆၀')ရှိ ဒေါ်နန်းကျင်ထွေး(ခ)ဒေါ်ကျင်ထွေး(CE- ၀၄၈၂၈၄) အမည်ပေါက် ဂရန်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀'x၆၀')ရှိမြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်စန်း(S/OKA-၀၁၉၁၁၇)မှ ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်းမှ အကျယ်အဝန်း(၁၀'x၆၀')ရှိ (ဂရန်မိတ္တူခြမ်း)မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိထား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၅၀၈၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်…**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်…**

❖ **တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို…**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို…**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**ဆင်သေဆည်ရေသောက်စနစ် လက်ဝဲမြောင်းမှ နွေသီးနှံများအတွက် စိုက်ပျိုးရေ ပြန်လည်ပေးဝေ** စာမျက်နှာ » ၁၂

**တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန် ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ် သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို** စာမျက်နှာ » ၁၈

**ငါးပါးသီလနှင့် ဥပဒေ** ဆောင်းပါး စာမျက်နှာ » ၁၉


# လက်စတာစီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ်(၃၃)ရဲ့ ဧပြီ ၂၀ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လက်စတာစီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

**အနိုင်ရရှိ**

လီဗာပူးအသင်းဟာ လက်စတာစီးတီးအသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဂိုးသွင်းနိုင်ခဲ့ခြင်း မရှိခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၆ မိနစ်အရောက်မှာ နောက်တန်းကစားသမား အာနိုးရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နောက်တန်းကစားသမား အာနိုးဟာ လီဗာပူးအသင်းအတွက် ဘယ်ခြေဖြင့် ပထမဆုံးသွင်းယူပေးနိုင်ခဲ့တဲ့ သွင်းဂိုးလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ✪




လီဗာပူးအသင်းနှင့် လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) မေ ၂၂ ရက်တွင် စတင်မည်

ရန်ကုန် မေ ၂၁

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ကို မေ ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**အသင်း ကိုးသင်းဖြင့် ကျင်းပမည်**

ယင်းပြိုင်ပွဲကို ဧပြီ ၁ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်းသစ်အဖြစ် ရန်ကုန်ရှိုင်ရယ်အသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ○



ပြိုင်ပွဲမတိုင်မီ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ခြေစမ်းကစားစဉ်။

# MNL League Cup ပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမား ခေါ်ယူ

ရန်ကုန် မေ ၂၁

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦး ခေါ်ယူလိုက်ပြီဖြစ်ကြောင်း မေ ၁၆ ရက်က တရားဝင်သတင်းထုတ်ပြန်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လိဂ်ပြိုင်ပွဲမတိုင်မီကျင်းပမည့် MNL League Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံခြားသားကစားသမား သုံးဦး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီ MNL League Cup ပြိုင်ပွဲတွင်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖